ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)

၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 19 December 2021 ၁၀၅၉၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သမိုင်းဝင် ဆံတော်ရှင်ကျိုက်ဒေးဝိစေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင် ဆံတော်ရှင်ကျိုက်ဒေးဝိစေတီတော်မြတ်ကြီးအား ရတနာစိန်ဖူးတော် တင်လှူပူဇော်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အင်းတိုင်ဒေသ သီရိမင်္ဂလာကုန်းမြေ၌ တည်ထားပူဇော်သည့် သမိုင်းဝင်ဆံတော်ရှင်ကျိုက်ဒေးဝိစေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို သာသနာတော်နှစ် ၂၅၆၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်နေ့ဖြစ်သည့် ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ တိပိဋကရွေးချယ်ရေးအဖွဲ့သြဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နာရဒါဘိဝံသ (သ.စ.အ ဓမ္မာစရိယဝင်္ဂသကာ) ပါဠိပါရဂူ၊ ဗဟန်းညောင်တုန်းကျောင်းတိုက်နာယကဆရာတော်နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ (ဓမ္မဒူတဆရာတော်)တို့အမှူးပြုသည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ

၂၀၂၁ ခုနှစ်ရဲ့ ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများ ပြပွဲကြီး
စာမျက်နှာ » ၆

မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းမှသည် နေပျော်ဖွယ်ရာ လူမှုပတ်ဝန်းကျင်ဆီသို့
စာမျက်နှာ » ၁၀



ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၂၄ ရာခိုင်နှုန်းရှိ
စာမျက်နှာ » ၁၉

ကြေးမုံ

# ပြည်ထောင်စုအေးချမ်းသာယာရေး ဝိုင်းဝန်းကြိုးပမ်း

ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးကို မြန်မာနိုင်ငံအား ဖျက်လိုဖျက်ဆီးလုပ်သူများ၊ အစွန်းရောက်များနှင့် အကြမ်းဖက်အဖျက်သမားများမှလွဲ၍ နိုင်ငံသူ နိုင်ငံသားအားလုံးက လိုလားမျှော်လင့်နေကြသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးကိုလိုလားသူများနှင့် မလိုလားသူများကို ခွဲခြားရှုမြင်နိုင်ပြီး နိုင်ငံသားအများစုသည် ငြိမ်းချမ်းသာယာရေးကို စောင့်ကြို့နေကြပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးသည်မှစ၍ လက်နက်ကိုင်ပဋိပက္ခများ ယနေ့ထက်တိုင် မပြီးဆုံးသေးဘဲ တိုင်းရင်းသားနယ်မြေဒေသအချို့တွင် ပဋိပက္ခများရှိနေသေးရာ မငြိမ်းချမ်းခြင်း၏ဆိုးကျိုးများကို ဒေသခံတိုင်းရင်းသားပြည်သူများ ကြုံတွေ့ခံစားနေကြရသည်။ နှစ်ပေါင်း (၇၀) ကျော်ကြာ ကြုံတွေ့ခံစားနေရသော ဒေသများမှာ မငြိမ်းချမ်းမှု၏အကျိုးဆက်ကြောင့် ဖွံ့ဖြိုးတိုးတက်မှုများလည်း နောက်ကျကျန်နေရသည်။ နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်နေသော်လည်း အပြည့်အဝ မရောက်သေးသည်ကိုတွေ့ရမည်ဖြစ်သည်။

မငြိမ်းချမ်းသောဒေသများတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်ရှိ ဒေသအချို့ရှိနေသည်။ ယခုအခါ မငြိမ်းချမ်းခြင်း၏အကျိုးရလဒ်နှင့် ငြိမ်းချမ်းခြင်း၏အကျိုးရလဒ်များကို သိရှိနားလည်ပြီး ငြိမ်းချမ်းခြင်းကို ရှေးရှုဆောင်ရွက်ကြရာတွင် ရခိုင်ပြည်နယ်သည် ငြိမ်းချမ်းသာယာဝပြောရေးကို ရှေးရှုနေပြီဖြစ်သည်။ ရေခံမြေခံ သဘာဝအခြေခံများ ပေါများသော ရခိုင်ပြည်နယ်သည် ငြိမ်းချမ်းရေးရောင်ခြည် ယှက်သန်းနေပြီဖြစ်သောကြောင့် မကြာမီတွင် ငြိမ်းချမ်းသာယာဝပြောသောပြည်နယ်အဖြစ်သို့ တက်လှမ်းလာတော့မည်ဖြစ်သည်။

အလားတူပင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခြောက်ဖွဲ့တို့သည် ဒီဇင်ဘာလ ၁၅ ရက်နှင့် ၁၆ ရက်တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလားမြို့၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စများနှင့် ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများအား အလွတ်သဘောတွေ့ဆုံဆွေးနွေးခဲ့ကြသည်ကိုမြင်တွေ့ခဲ့ရာ ပြည်ထောင်စုကြီးအကျိုး၊ ဒေသခံတိုင်းရင်းသားပြည်သူများအကျိုးအတွက် ငြိမ်းချမ်းရေးခရီးကို အောင်မြင်စွာတက်လှမ်းနိုင်ပါစေဟု ဆန္ဒပြုမိပါသည်။

နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်လှစ်ထားပြီး ပြည်ထောင်စုကြီး အေးချမ်းသာယာရေးအတွက် နှစ်ဦးနှစ်ဖက်အပြန်အလှန် အပေးအယူ အလျှော့အတင်းညှိနှိုင်းခြင်းဖြင့် ငြိမ်းချမ်းခြင်းကို ဆောင်ကြဉ်းနိုင်ပါသည်။ အရေးကြီးသည်မှာ အဓိကသက်ဆိုင်သူများအနေဖြင့် စိတ်ရင်းစိတ်ထားမှန်ကန်မှုနှင့် ငြိမ်းချမ်းရမည်ဟူသည့် ထက်သန်သောစိတ်ထားများဖြင့် မဖြစ်မနေကြိုးပမ်းကြမည်ဆိုလျှင် ငြိမ်းချမ်းရေးမှာ အလှမ်းမဝေးဘဲ ရခိုင်ပြည်နယ်ကဲ့သို့ ငြိမ်းချမ်းရေးခရီးပန်းတိုင်ကို အမြန်ဆုံးရောက်ရှိနိုင်မည်ဖြစ်သည်။ လက်ရှိတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ ငြိမ်းချမ်းရေးကို ဖောက်ဖျက်မှုအချို့သာရှိပြီး တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ လျော့နည်းနေပြီဟု ဆိုနိုင်သည်။

လက်ရှိကာလတွင် ပြည်တွင်းမှ အမျိုးသားသစ္စာဖောက်များက ပြည်ပအားကိုးဖြင့် တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း အဖျက်လုပ်ရပ်များကို အချို့ဒေသများတွင် ပြုလုပ်လျက်ရှိနေသည်။ ပြည်တွင်းမှ အစွန်းရောက်များနှင့် အသိမဲ့သူများအား သွေးထိုးမြှောက်ပင့် ထောက်ပံ့အားပေးပြီး အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးသတ်ဖြတ်မှုများ ပြုလုပ်နေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အကြမ်းဖက်အဖျက်သမားများ အပြီးတိုင်ချုပ်ငြိမ်းစေရေးအတွက် နေ့စဉ်နှင့်အမျှ ကြိုးပမ်းဆောင်ရွက်နေသည်။ ပြည်သူများပူးပေါင်းပါဝင်မှု အားကောင်းလာသည်နှင့်အမျှ အကြမ်းဖက်အဖျက်လုပ်ရပ်များ အမြန်ဆုံးချုပ်ငြိမ်းသွားမည်ဖြစ်သည်။

လွတ်လပ်ရေးရပြီးသည်မှ နှစ်ပေါင်း (၇၀) ကျော်ကြာလာသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအများစုအနေဖြင့် ဆန္ဒရှိကြသည်ကို တွေ့လာရပြီဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် ဖြောင့်ဖြောင့်တန်းတန်းဖော်ဆောင်နေပြီး အနာဂတ်တွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာအောင် ရည်မှန်းကြိုးပမ်းဆောင်ရွက်နေသည်။ ငြိမ်းချမ်းရေးကို ပထမဦးစားပေးအဖြစ် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျှင် ပြီးပြည့်စုံသော အားလုံးမျှော်လင့်သည့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ငြိမ်းချမ်းခြင်း၏အရသာများ၊ ငြိမ်းချမ်းခြင်း၏ အသီးအပွင့်များ၊ ငြိမ်းချမ်းခြင်း၏အကျိုးရလဒ်များကို သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့အစည်းများနှင့်ပြည်သူအားလုံး နားလည်သိရှိနေကြပြီဖြစ်ရာ ထာဝရငြိမ်းချမ်းရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ကြဉ်း၍ အကြမ်းဖက်အဖျက်သမားများကို ရှင်းလင်းဖယ်ရှားလိုက်ပါက ငြိမ်းချမ်းသာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီး အလျင်အမြန်ဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း။ ။

# ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက် ဟံသာဝတီကျောင်း ပေ ၃၀၀ ကျော်အရှည် လမ်းအလှူရေစက်ချမင်္ဂလာကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက် ဟံသာဝတီကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဥ ယျမထေရ် သက်တော် (၁၀၁) နှစ် သိက္ခာတော်(၈၁)ဝါ၏ ဘဝနတ်ထံ စံလွန်တော်မူခြင်း တစ်လပြည့်အလှူတော်နှင့် ဆရာတော်အားရည်မှန်း၍ ပေ ၃၀၀ ကျော်အရှည်ရှိ လမ်းအလှူ ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျောင်းတိုက်၌ ကျင်းပသည်။



ရှေးဦးစွာ ကြာနီကန်ကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ ဘဒ္ဒန္တ ရေဝတက ငါးပါးသီလချီးမြှင့်ပြီး ပရိသတ်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။ ဆက်လက်၍ နန္ဒာအောင်မြေကျောင်း ဆရာတော် ဘဒ္ဒန္တနိမလက ပေ ၃၀၀ ကျော်အရှည်ရှိ လမ်းခင်းရခြင်း အကြောင်း လျှောက်ထားပြီး ကြာနီကန် ကျောင်းဆရာတော်က ရေစက်ချအနုမောဒနာတရား ဟောကြားသည်။

ဆရာတော်အားရည်မှန်း၍ ပေ ၃၀၀ ကျော်အရှည်ရှိလမ်းအား ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တနိမလ(Ph.D)နှင့် အလှူရှင်များ စုပေါင်း၍ လမ်းခင်းပေးခဲ့ကြောင်း သိရသည်။

**အာကာစိုး**

# မိုင်းဆတ်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**မိုင်းဆတ် ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာများအတွက် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်မည့် ကျေးရွာများအနေဖြင့် ရန်ပုံငွေများကိုလေလွင့်ဆုံးရှုံးမှု မဖြစ်စေရန်နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်သွားရန် ပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာစီမံကိန်းကော်မတီဝင်များထံသို့ ရန်ပုံငွေများလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၁-၂၀၂၂ မိနီဘတ်ဂျက်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ဟားကွယ်ကျေးရွာ၊ ပန်ခိုက်ကျေးရွာ၊ မယ်မိုကျေးရွာ၊ တာစုကျေးရွာ၊ နောင်ဖာကျေးရွာနှင့် နောင်လျှန်ကျေးရွာတို့အား တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စာစီစာကုံး၊ ကဗျာ၊ ပိုစတာနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပ

**မှော်ဘီ ဒီဇင်ဘာ ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်တွင် ပညာရေးဌာနက ဦးစီးကျင်းပသည့် မြို့နယ်အဆင့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံး၊ ကဗျာ၊ ပိုစတာနှင့် ပန်းချီစာပေ ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် မှော်ဘီ အထက(တပ်ကြီးကုန်း)ကျောင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျင်းပရာတွင် အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၁ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၅ ဦး နှင့် ပိုစတာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၇ ဦး၊ မူလတန်းအဆင့်ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၃ ဦး စုစုပေါင်း ၇၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများတွင် မှော်ဘီမြို့နယ်အတွင်းရှိ အထက်တန်းကျောင်း ၁၅ ကျောင်း၊ အလယ်တန်းကျောင်း ၂၅ ကျောင်း၊ မူလတန်းကျောင်း ၂၃ ကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် အသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုများ ရရှိမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ခရိုင်အဆင့်တွင် ဆက်လက်သွားရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း မှော်ဘီမြို့နယ်ပညာရေးမှူး ဒေါ်မြတ်မြတ်ထွေးထံမှ သိရသည်။



**ဉာဏ်ဟိန်း**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အကြီးတန်း** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သတင်းထောက်များ** | | ဦးသန်းတင်အောင် |
| | | | **သုတေသန** | - | ဒေါ်အိအိမွန် |
| **ဘာသာပြန်** | - | ဦးနိုင်လင်းကြည်၊ | **စာပြင်** | - | ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

 

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဗဟန်းညောင်တုန်းကျောင်းတိုက်နာယက ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှတို့ ရတနာစိန်ဖူးတော်အား ဗဟန်းညောင်တုန်းကျောင်းတိုက်နာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှတို့၏ မိသားစုဝင်များက ငှက်မြတ်နားတော်အား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

☆ ရွှေဖုံးမှ
ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် မိသားစုဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စေတနာရှင်အလှူရှင်များ၊ အရာရှိစစ်သည်၊ မိသားစုများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### နာယူကြည်ညို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဗဟန်းညောင်တုန်းကျောင်းတိုက်နာယက ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ထို့နောက် သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

### တားဆီးကာရံ

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော်ပရိဝုဏ်တွင် ပက်ဖျန်းကြဲဖြန့်ချည်နှောင် တားဆီးကာရံကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် မိသားစုဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအား ဗဟန်းညောင်တုန်းကျောင်းတိုက်နာယက

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှ၊ မိသားစုဝင်များနှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပင့်ဆောင်ပူဇော်ကြစဉ်။

☆ စာမျက်နှာ ၃ မှ

ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနား တက်ရောက်လာကြသူများက လှူဖွယ်ပစ္စည်းများအား သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဓမ္မဒူတ ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**ပင့်ဆောင်ပူဇော်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီး၊ မိသားစုဝင်များနှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပင့်ဆောင် ပူဇော်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြကာ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

**ပရိတ်နံ့သာရည် ပက်ဖျန်း**

ဆက်လက်ပြီး သံဃာတော်အရှင်သူမြတ်များက သမိုင်းဝင်ဆံတော်ရှင်ကျိုက်ဒေးဝိ စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိတ်သွန်းတော်မူကြပြီး ဗုဒ္ဓသာသန်စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မဟာမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မင်္ဂလာမော်ကွန်း ကျောက်စာတော်အား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းဖွင့်လှစ်ပြီး ခေါင်းလောင်းတော်အား ကိုးချက်ထိုးခတ်ပူဇော်၍ မေတ္တာပြုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် သမိုင်းဝင် ဆံတော်ရှင်ကျိုက်ဒေးဝိစေတီတော်မြတ်ကြီး၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပူဇော်သည်။

**နေ့ဆွမ်းဆက်ကပ်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

အဆိုပါ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ဒေးဝိစေတီတော်မြတ်ကြီးသည် ကရဝိက မင်းကြီးဟံသာဝတီထီးနန်းစိုးစံတော်မူစဉ် တည်ထားကိုးကွယ်တော်မူသည့် စေတီတော် (၇)ဆူအနက် စတုတ္ထမြောက်တည်ထားသည့် စေတီတော်ဖြစ်ပြီး သာသနာသက္ကရာဇ် ၁၄၈၉ ခုနှစ်၊ မြန်မာသက္ကရာဇ် ၃၀၇ ခုနှစ်တွင် ဘုရားတည်ပြီးစီးခဲ့ကြောင်း၊ **ကျိုက် သည် ဘုရား၊ ဒေး သည် ကုန်း၊ ဝိ သည် သဖန်း ဖြစ်သဖြင့် သဖန်းကုန်းဘုရားဟု** အဓိပ္ပာယ်ရကြောင်း၊ သာသနာတော်သက္ကရာဇ် ၁၉၇၀ ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၇၈၈ ခုနှစ် ဗညားဓမ္မရာဇာမင်းလက်ထက်တွင် ပထမအကြိမ် ဥဏ်တော် ၅ တောင်ငုံ၍ ၇၅ တောင်အဖြစ် ပြုပြင်မွမ်းမံ ပူဇော်ခဲ့ကြောင်း၊ သာသနာတော်သက္ကရာဇ် ၂၁၆၀ ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၉၇၈ ခုနှစ်တွင် အနောက်ဘက်လွန် မင်းတရားကြီးက ပျက်စီးနေသည့် ဆံတော်ရှင် ကျိုက်ဒေးဝိစေတီတော်မြတ်ကြီးအား ဒုတိယအကြိမ် ဉာဏ်တော် ၅ တောင်ငုံ၍ ဉာဏ်တော်အတောင် ၈၀ ရှိ စေတီတော်ကြီးအဖြစ် ပြုပြင်မွမ်းမံ၍ ရွှေထီးတော်တင်လှူပူဇော်ခဲ့ကြကြောင်း၊ ယင်းနောက် ငလျင်ဒဏ်နှင့် ဒုတိယကမ္ဘာစစ်တို့အတွင်း အကြောင်း အမျိုးမျိုးကြောင့် ပျက်စီးယိုယွင်းခဲ့မှုများဖြစ်ပေါ်ခဲ့သဖြင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ဒေသခံပြည်သူများ၊ စေတနာရှင် အလှူရှင်များက ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံခဲ့ကြကြောင်း၊ ယခုအခါတွင်လည်း စေတီတော်မြတ်ကြီးသည် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်လာခဲ့သဖြင့် စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၏ မေတ္တာရပ်ခံချက်အရ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများထံ တင်ပြလျှောက်ထား၍ ခုနစ်ရက်သားသမီး စေတနာရှင် အလှူရှင်များ စုပေါင်းပြီး ဘက်စုံပြုပြင်မွမ်းမံခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ မိသားစုဝင်များနှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှတို့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှတို့က ခေါင်းလောင်းတော်အား ကိုးချက်ထိုးခတ်ပူဇော်၍ မေတ္တာပြုစဉ်။

# တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရည်မှန်းချက်ထား

အချို့ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လုံခြုံရေးအခြေအနေများနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများကြောင့် ပညာသင်ကြားမှုများ အပြည့်အဝဆောင်ရွက်နိုင်မှုမရှိသေးသည်ကို တွေ့ရှိရကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရာတွင် လုံခြုံမှုရှိစေရေးနှင့် ပညာအပြည့်အဝသင်ကြားနိုင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်း စသည့် လေးဖွဲ့ပူးပေါင်း၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ မကြာမီအချိန်တွင်လည်း တက္ကသိုလ်များပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရည်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိကြောင်း။

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၃-၁၂-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃/ ၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန် / မန္တလေး)တို့၏ (၂၇)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့၏ (၂၇)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် တက္ကသိုလ်အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဆရာတော်များ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့မှ သင်ကြား/စီမံ ဆရာတော်များ၊ ဘွဲ့ခံသံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

### ငါးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ အခမ်းအနားအား ''နမောတဿ'' သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအမှူးပြုသော ပရိသတ်အပေါင်းတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏အဓိပတိ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး သာရဏီယဩဝါဒကထာ နာယူကြသည်။ ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ(မိုင်းသောက်) ဆရာတော်ကြီးထံမှ သမ္မောဒနီယဩဝါဒကထာ နာယူကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်အရ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းဆရာတော် ဘဒ္ဒန္တသုမနက (၂၇)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်နှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များမှ(၂၆)ကြိမ်မြောက်အထိ ဘွဲ့ခံယူတော်မူခဲ့ကြသည့် ရဟန်းတော်များ စုစုပေါင်း ၂၉၀၃ ပါးရှိပြီဖြစ်ပါကြောင်း၊ ယခု(၂၇)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့ခံယူတော်မူကြမည့် အရှင်မြတ်များမှာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ သာသနတက္ကသီလဓမ္မာစရိယ, B.A (Buddhism)ဘွဲ့ရ ၅၄ ပါး၊ သာသနတက္ကသီလမဟာဓမ္မာစရိယ, M.A (Buddhism)ဘွဲ့ရ ခြောက်ပါး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ သာသနတက္ကသီလဓမ္မာစရိယ, B.A(Buddhism)ဘွဲ့ရ ၃၈ ပါး၊ သာသနတက္ကသီလမဟာဓမ္မာစရိယ,M.A(Buddhism)ဘွဲ့ရ ၁၃ ပါး၊ သာသနတက္ကသီလဓမ္မပါရဂူ, Ph.D (Buddhism)ဘွဲ့ရ တစ်ပါး စုစုပေါင်း ၁၁၂ ပါးဖြစ်ပါကြောင်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ပညာရေးမူဝါဒ သင်ကြားရေးဆိုင်ရာ ရည်ရွယ်ချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ဤတက္ကသိုလ်များသည် ပရိယတ်စာပေအရာတွင် ရဲရင့်ထက်မြက်မှု



"ဗျတ္တပဋိဗလ" ဂုဏ်နှင့်ပြည့်စုံသော ရဟန်းတော်များကို မွေးထုတ်ပေးနိုင်ပြီး ထေရဝါဒ ဟူသော ဂုဏ်ဒြပ်ကို ပီပြင်စွာထင်ဟပ်နိုင်သည့် အပြင် ခေတ်အမြင် ခေတ်အတွေးတို့ကို မပယ်ရှား ရှေးမဟာထေရ်အစဉ်အဆက်တို့၏ နည်းနာနိဿယနှင့် အစဉ်အလာတို့ကို မြတ်နိုးစွာထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော တက္ကသိုလ်ကြီးများဖြစ်ပါကြောင်း လျှောက်ထားသည်။

### လျှောက်ထား

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မင်းကောင်းမင်းမြတ်တို့ကျင့်သုံးခဲ့သော အစဉ်အလာအတိုင်း နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာစွာဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်ပေါင်းစုံနယ်ပယ်ပေါင်းစုံမှ အစွမ်းကုန်ကြိုးပမ်းအားထုတ်လျက်ရှိသကဲ့သို့ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ထွန်းကားပြန့်ပွားရေးအတွက်လည်း အဘက်ဘက်မှ လိုလေသေးမရှိအောင် ချီးမြှင့်ထောက်ပံ့လျက်ရှိပါကြောင်း လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းဆရာတော် ဘဒ္ဒန္တသုမနက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ (မိုင်းသောက်ဆရာတော်) ထံတွင် ဘွဲ့ခံစာရင်းကို အတည်ပြုလက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းဆရာတော်က သာသနတက္ကသီလဓမ္မပါရဂူဘွဲ့တံဆိပ်တော်ခံယူမည့် ရဟန်းတော်၏ ဘွဲ့တော်ကို ကြေညာ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ ဆရာတော်ကြီးထံတွင် ဘွဲ့ခံယူသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းဆရာတော်က သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့တံဆိပ်တော်ခံယူမည့် ရဟန်းတော်များနှင့် သာသနတက္ကသီလဓမ္မာစရိယ ဘွဲ့ခံယူမည့် ရဟန်းတော်တစ်ပါးချင်း၏ ဘွဲ့တော်ကို ကြေညာ၍ ပါမောက္ခချုပ်ဆရာတော်ထံတွင်ဘွဲ့ခံယူပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းဆရာတော်က သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့တံဆိပ်တော်ခံယူမည့် ရဟန်းတော်များနှင့် သာသနတက္ကသီလဓမ္မာစရိယဘွဲ့ခံယူမည့် ရဟန်းတော်တစ်ပါးချင်းစီ၏ ဘွဲ့တော်ကိုကြေညာ၍ ပါမောက္ခချုပ်ဆရာတော်ထံတွင် အသီးသီးဘွဲ့ခံယူကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော်ကြီး ရှေ့မှောက်တွင် ဘွဲ့ခံရဟန်းတော်များက သာသနာပြုကတိသစ္စာခံယူကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသည့် ပရိသတ်အပေါင်းတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ ဒုတိယအဓိပတိ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေပြီး ''ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု'' သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး အမှူးပြုသော ပင့်သံဃာတော် ၁၈ ပါး၊ ဘွဲ့ခံရဟန်းတော် ၁၁၂ ပါး စုစုပေါင်း အပါး ၁၃၀ တို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် အမှူးပြုသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များက ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခဲ့သည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ်ရဲ့ ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲကြီး

သတ္တုငြိမ်း

**မြန်မာနိုင်ငံသည် စိမ်းလန်းလှပသော တောတောင်များ၊ ကြည်လင်စီးဆင်းလဲ့သည့် မြစ်ချောင်းအင်းအိုင်များ၊ သာယာရှုမောတင့်တယ်သော မြေယာရှုခင်း၊ စီးပွားရေးအရ အချက်အချာကျသည့် ပထဝီအနေအထားတို့နှင့် ပြည့်စုံမှု၊ ရှေးနှစ်ပေါင်းများစွာကတည်းက စည်းလုံးညီညွတ်စွာမှီတင်းနေထိုင်ခဲ့သော တိုင်းရင်းသားပေါင်းစုံ၏ လူမျိုးအလိုက်ဓလေ့စရိုက်နှင့် ယဉ်ကျေးစွာညှို့ဝတ်ကျေပျူငှာမှု၊ ဘာသာ၊ သာသနာ ဂုဏ်ရောင်ထွန်းပြောင်မှုနှင့် မြေပေါ်၊ မြေအောက်သယံဇာတပေါကြွယ်ဝမှုစသည့် ဂုဏ်သတင်းများကြောင့် အာရှတွင်သာမက ကမ္ဘာ့အလယ်တွင်ပါ ဝင့်ကြွားစွာ ရပ်တည်နေနိုင်ခဲ့ပါသည်။**



၂၀၂၂ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများ ပြပွဲတွင် ပြည်တွင်း/ပြည်ပ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်ကြည့်ရှုလေ့လာကြစဉ်။

မြန်မာ့ဂုဏ်သတင်းတစ်ရပ်ဖြစ်သည့် သယံဇာတပေါကြွယ်ဝမှု၏ ပြယုဂ်များအဖြစ် အဖိုးတန်ကျွန်းသစ်ကဲ့သို့ မြေပေါ်သယံဇာတများနှင့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာစသည့် အဖိုးတန်ကျောက်မျက်ရတနာ တွင်းထွက်များကဲ့သို့ မြေအောက်သယံဇာတများကို မြင်တွေ့နိုင်ပါသည်။

**တွင်းထွက်အမျိုးအစားအားဖြင့် ၇၅ မျိုး**

လူသားတို့က အဆင်တန်ဆာအဖြစ် လှပစွာဆင်မြန်းကြသော ကျောက်မျက်ရတနာများသည် ကမ္ဘာ့နိုင်ငံများတွင် ရှားပါးစွာဖြစ်တည်ကြသော်လည်း မြန်မာနိုင်ငံ၏ ဘူမိအနေအထားကြောင့် ကျောက်မျက်ရတနာ တွင်းထွက်အမျိုးအစားအားဖြင့် ၇၅ မျိုးအထိ စုံလင်စွာဖြစ်ထွန်းရုံမျှမက ပမာဏအားဖြင့်လည်း ပေါများစွာဖြစ်တည်နေပါသည်။ ထိုသို့စုံလင်ပေါကြွယ်ဝသော မြန်မာ့အဖိုးတန်ကျောက်မျက်ရတနာ သယံဇာတများသည် နိုင်ငံတော်အတွက် အကျိုးစီးပွားဖြစ်ထွန်းစေသည့် အခွင့်အလမ်းများကို နိုင်ငံ၏သမိုင်းစဉ်တစ်လျှောက်လုံး ဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။

နိုင်ငံတော်အတွက် အကျိုးစီးပွားဖြစ်ထွန်းစေမှုကို သမိုင်းစဉ်တစ်လျှောက်လုံးအတွက် သာမက အနာဂတ်မျိုးဆက်များ၏ ရေရှည်အကျိုးဖြစ်ထွန်းမှုများ ဖော်ဆောင်ပေးနိုင်မည့် ကျောက်မျက်ရတနာသယံဇာတများကို နိုင်ငံခြားငွေဖြင့် ရောင်းချနိုင်ရန် ပထမဆုံးအကြိမ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၆၄ ခုနှစ်တွင် ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ စတင်ကျင်းပပြုလုပ်ခဲ့ပါသည်။ ၁၉၆၄ ခုနှစ် ပထမအကြိမ် ကျောက်မျက်ရတနာပြပွဲမှ ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီလ အကြိမ် (၃၀) မြောက်ပြပွဲအထိ ပြပွဲပေါင်း ၃၁ ပွဲကို ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌လည်းကောင်း၊ ၁၉၉၃ ခုနှစ် နှစ်လယ်ပြပွဲမှ ၂၀၀၆ ခုနှစ် မတ်လ (၄၃)ကြိမ်မြောက်ပြပွဲအထိ ပြပွဲပေါင်း ၃၅ ပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမတွင်လည်းကောင်း၊ ၂၀၀၆ ခုနှစ် ဇွန်၊ ဇူလိုင်အထူးပြပွဲမှ ၂၀၁၀ ပြည့်နှစ် ဇွန်၊ ဇူလိုင်အထူးပြပွဲအထိ ပြပွဲပေါင်း ၁၃ ပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) တွင်လည်းကောင်း ကျင်းပခဲ့ပါသည်။

**ပြပွဲ ၁၆ ပွဲကို နေပြည်တော်တွင် ကျင်းပခဲ့**

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ နှစ်လယ်ပြပွဲမှ စတင်၍ ၂၀၁၉ ခုနှစ် နှစ်လယ်ပြပွဲအထိ ပြပွဲ ၁၆ ပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ပြပွဲပေါင်း ၉၅ ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီး ကျင်းပခဲ့သော ပြပွဲများအနက် ၂၀၁၁ ခုနှစ် ဇူလိုင်လ အထူးရောင်းချပွဲသည် ယူရိုငွေ ၁၄၉၆ ဒသမ ၇၈ သန်းဖြင့် အများဆုံးရောင်းချရရှိခဲ့သော ပွဲဖြစ်ပါသည်။

**မိုးကုတ်ပတ္တမြား**

မြန်မာ့ကျောက်မျက်ရတနာများအနက် ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြား လူကြိုက်များသည်မှာ မြန်မာ့ကျောက်စိမ်းနှင့် ပတ္တမြား၊ နီလာတို့ဖြစ်ပြီး ရတနာပြပွဲများတွင် တင်ပြရောင်းချရသည့် ကျောက်စိမ်းအတွဲများအနက် ဈေးအများဆုံးရောင်းရသော ကျောက်စိမ်းအတွဲမှာ ၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံခြားငွေယူရို ၁၉ ဒသမ ၁၈ သန်းဖြင့် ရောင်းချရရှိခဲ့သော ကျောက်စိမ်းတွဲဖြစ်ပါသည်။ ဈေးအများဆုံး ကျောက်မျက်ရိုင်းမှာ ၁၉၉၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အမေရိကန်ဒေါ်လာ ၅၈၆၁၁၈၀ ဖြင့် ရောင်းချခဲ့ရသော အလေးချိန် ၃၈ ဒသမ ၁၂ ကရက်ရှိ မိုးကုတ်ပတ္တမြားဖြစ်ပါသည်။

ယခုအခါ ၂၀၂၂ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ (Mini Gems Emporium) ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှ ၂၂ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမမှာ ကျင်းပလျက်ရှိပါသည်။ (၉၆)ပွဲမြောက်ကျင်းပသည့် ပြပွဲဖြစ်ပြီး ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်အသုံးပြု၍ နိုင်ငံခြားငွေဖြင့် ရောင်းချမည်ဖြစ်ပါသည်။

ယခုပြပွဲမှာ ပုလဲအတွဲများကို အမေရိကန်ဒေါ်လာဖြင့်ရောင်းချပေးပြီး ကျောက်စိမ်းအတွဲများကို ယူရိုငွေအပြင် အမေရိကန်ဒေါ်လာဖြင့်လည်း ရောင်းချပေးမည်ဖြစ်ပါသည်။ ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများကို ဝယ်ယူလိုသည့် ရတနာကုန်သည်များအနေဖြင့် အာမခံစပေါ်ငွေများအား ကြိုတင်ပေးသွင်းထားရမည်ဖြစ်ပါသည်။ အာမခံစပေါ်ငွေအဖြစ် ပုလဲအတွဲများအတွက် အမေရိကန်ဒေါ်လာ ၂၀၀၀ နှင့် ကျောက်စိမ်းအတွဲများအတွက် ယူရို နှစ်သောင်းကို အနည်းဆုံး ပေးသွင်းကြရမည်ဖြစ်ပါသည်။

ယခုကျင်းပသည့် ၂၀၂၂ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ (Mini Gems Emporium)မှာ ကျောက်စိမ်းအတွဲများအတွက် ရောင်းရငွေ၏ တန်ဖိုးအပေါ် သတ်မှတ်ကောက်ခံမည့် အခွန်အခနှုန်းထားများမှာ ရတနာခွန် ၁၁ ရာခိုင်နှုန်း၊ ဝန်ဆောင်ခ သုံးရာခိုင်နှုန်း ဖြစ်ပါသည်။ ပုလဲအတွဲများအတွက် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမည်ဖြစ်ပြီး နှုန်းထားမှာ ငါးရာခိုင်နှုန်း ဖြစ်ပါသည်။

ခေတ်အဆက်ဆက် ကျောက်မျက်ရတနာပြပွဲများကို မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ပြပွဲနှင့်သက်ဆိုင်သောလုပ်ငန်းများဖြစ်သည့် အာမခံစပေါ်ငွေပေးသွင်းမှု၊ ကျောက်အတွဲအတွက် ငွေပေးချေမှု၊ အခွန်ကောက်ခံမှုများ ချောမွေ့လွယ်ကူစေရန်ကိုလည်းကောင်း၊ ပြပွဲသို့ တက်ရောက်လာသော ရတနာကုန်သည်များအတွက် ခရီးသွားလာရေး၊ တည်းခိုနေထိုင်ရေးတို့ အဆင်ပြေစေရန်ကိုလည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လုံခြုံရေးကောင်းမွန်စေမှုတို့ စိတ်ချ၊ ကောင်းမွန်စေရန်ကိုလည်းကောင်း သက်ဆိုင်သည့်လုပ်ငန်းအမျိုးအစားအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းကော်မတီများကို ဗဟိုကော်မတီက ဖွဲ့စည်းပြီး အစစအရာရာ စီစဉ်ဆောင်ရွက်ပေးပါသည်။

**စနစ်တကျဆောင်ရွက်ပေးထား**

ယခု ၂၀၂၂ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ (Mini Gems Emporium)တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ယခုပြပွဲသို့ တက်ရောက်ကြမည့် ပြည်ပရတနာကုန်သည်များ ရန်ကုန်မြို့သို့ ရောက်ရှိပြီး နေပြည်တော်သို့ ဆက်လက်ထွက်ခွာနိုင်ရေးကို စနစ်တကျရှိစေခြင်း၊ နေပြည်တော်တွင် တည်းခိုနေထိုင်နိုင်ရေး၊ ဓာတ်ခွဲစစ်ဆေးရေး၊ အသွားအလာကန့်သတ်ရေးတို့ကို ကြပ်မတ်ခြင်းနှင့် ပြပွဲတက်ရောက်ရန်အတွက် တည်းခိုနေထိုင်ရာဟိုတယ်မှ မဏိရတနာကျောက်စိမ်းခန်းမသို့ ကြို/ပို့ယာဉ်များ စီစဉ်ပေးခြင်းတို့အား ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက စနစ်တကျဆောင်ရွက်ပေးထားပါသည်။

ကမ္ဘာအနှံ့ ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားခဲ့သည့်အတွက် နိုင်ငံခြားငွေဖြင့် ရောင်းချသော မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ကျင်းပနိုင်ခြင်းမရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ယခု ၂၀၂၂ ခုနှစ်၊ ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ (Mini Gems Emporium)ကို မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြင့် ကျောက်မျက်ရတနာရောင်းဝယ်သူများအတွက် ငွေကြေးလည်ပတ်ခြင်း၊ ကျောက်မျက်ရတနာအချောထည် လုပ်ကိုင်သူများအတွက် ကုန်ကြမ်းရရှိခြင်းနှင့် ကျောက်မျက်ရတနာကဏ္ဍမှ လုပ်သားများအတွက် အလုပ်အကိုင်များ အဆင်ပြေခြင်းစသည်တို့ အခွင့်အလမ်းများကို ရရှိလာနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။



၂၀၂၂ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ၌ ရောင်းချရန် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို တွေ့ရစဉ်။

**ကမ္ဘာအနှံ့ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခဲ့သည့်အတွက် နိုင်ငံခြားငွေဖြင့် ရောင်းချသော မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ကျင်းပနိုင်ခြင်းမရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ယခု ၂၀၂၂ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ (Mini Gems Emporium)ကို မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြင့် ကျောက်မျက်ရတနာရောင်းဝယ်သူများအတွက် ငွေကြေးလည်ပတ်ခြင်း၊ ကျောက်မျက်ရတနာအချောထည် လုပ်ကိုင်သူများအတွက် ကုန်ကြမ်းရရှိခြင်းနှင့် ကျောက်မျက်ရတနာကဏ္ဍမှ လုပ်သားများအတွက် အလုပ်အကိုင်များ အဆင်ပြေခြင်းစသည်တို့ အခွင့်အလမ်းများကို ရရှိလာနိုင်မည်**

# ဥပဒေအရာရှိများအနေဖြင့် နိုင်ငံ့ဝန်ထမ်းပီသစွာ မိမိတို့လုပ်ငန်းတာဝန်များကိုသာ အလေးဂရုပြုဆောင်ရွက်စေလို



**နေပြည်တော် ဒီဇင်ဘာ ၁၈**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေချုပ်ရုံးနှင့် ခရိုင်၊ မြို့နယ်ဥပဒေရုံးများ၌ ဥပဒေအရာရှိအဆင့်-၄ မှ ဥပဒေအရာရှိအဆင့်-၃ ရာထူးတိုးမြှင့်ရေးရေးဖြေစာမေးပွဲဖြေဆိုမည့်သူများကို တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

**အရည်အချင်းပြည့်ဝကြရန် လိုအပ်**

ယင်းသို့ မှာကြားရာတွင် မြို့နယ်ဥပဒေအရာရှိအဆင့်အဖြစ် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အရည်အချင်းပြည့်ဝကြရန် လိုအပ်ပါကြောင်း၊ ရာထူးတိုးများရရှိပြီးလျှင်လည်း အထူးမွမ်းမံသင်တန်းများ တက်ရမည်ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ပြည်ထောင်စုရှေ့နေချုပ်ရုံးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ်(၁၇၆/၂၀၂၁)ဖြင့် ဥပဒေရေးရာဝန်ကြီးဌာနအဖြစ် ဩဂုတ် ၃၀ ရက်တွင် ပြောင်းလဲဖွဲ့စည်းခဲ့ပါကြောင်း၊ ယခုအစိုးရ၏ ဥပဒေရေးရာပြုပြင်ပြောင်းလဲမှုဟူ၍လည်း ပြော၍ရပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဝန်ကြီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုပေါင်းစပ်ညှိနှိုင်းရေးအတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် အခြားဝန်ကြီးဌာနများအကြား ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန၏ ဝန်ကြီးရုံးဖွဲ့စည်းပုံအဖြစ် အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ၊ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းများ စစ်ဆေးရေးဌာနခွဲ၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ၊ ဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ၊ ပြည်တွင်း ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊ ဦးစီးရုံးတို့ကိုထားရှိပြီး E-Government ဌာနခွဲ၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဌာနစိတ်၊ စောင့်ကြည့်လေ့လာ အကဲဖြတ်ရေးဌာနစိတ်နှင့် ပုဂ္ဂလိကတိုင်ကြားစာများ စိစစ်ဆောင်ရွက်ရေးဌာနစိတ်တို့ကို အသစ်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

**ဆောင်ရွက်ပြီးစီး**

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၉ ကို ဆောင်ရွက်ပြီးစီးခဲ့ပြီး မဟာဗျူဟာစီမံကိန်း ၂၀၂၀-၂၀၂၄ ကိုလည်း ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် မိမိတို့ ဆောင်ရွက်နိုင်သည့် ကဏ္ဍများကို မိမိတို့၏ နည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

အထူးသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ ဥပဒေအရာရှိများ အရည်အချင်းပြည့်ဝစေရေး၊ အခြားသောဝန်ကြီးဌာနများမှ သက်ဆိုင်ရာ တာဝန်ရှိသူများကို ဥပဒေအသိပညာများရရှိစေရေးအတွက် သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ ဌာနဆိုင်ရာအသီးသီးအနေဖြင့် စီးပွားရေးစာချုပ်စာတမ်းများချုပ်ဆိုခြင်း၊ ဥပဒေ(မူကြမ်း)များ စိစစ်ပေးရေးတို့တွင် အသုံးပြုကိုးကားနိုင်ရေးအတွက် စီးပွားရေးစာချုပ်စာတမ်းများချုပ်ဆိုခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်နှင့် ဥပဒေ(မူကြမ်း)ရေးဆွဲရေးလမ်းညွှန် စာအုပ်များကိုလည်း ထုတ်ဝေဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း။

ဥပဒေဘာသာပြန် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဥပဒေဘာသာပြန်ကော်မရှင်သည် ကိုလိုနီခေတ်ကတည်းက အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့ပြီး လက်ရှိတွင်တည်ဆဲဖြစ်သော ဥပဒေပေါင်း ၈၈ ခုအနက်မှ ၂၆ ခုကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ပြီး စာအုပ်အမှတ် ၁ မှ ၈ အထိ ထုတ်ဝေနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုစာအမှတ် ၉ အဖြစ် ရာဇသတ်ကြီး စာအုပ်ကို နောက်ဆုံးထုတ်ဝေခဲ့ပါကြောင်း၊ ရာဇသတ်ကြီးကို ယခင်က အလွတ်သဘောဘာသာ ပြန်ဆိုသုံးစွဲလျက်ရှိရာမှ ယခုတရားဝင်(Authentic)အဖြစ် ဥပဒေအရအမိန့်ကြော်ငြာစာဖြင့်ထုတ်ဝေခဲ့ပါကြောင်း၊ ဥပဒေရေးရာ ဝန်ကြီးဌာနအနေဖြင့် အာဆီယံအစည်းအဝေးများဖြစ်သော AIPA, ASLOM, ALA, AALCO စသည့် အစည်းအဝေးများတွင် ပါဝင်တက်ရောက်လျက်ရှိပါကြောင်း။

**တန်းစီဇယား ပြုစုဆောင်ရွက်သွားမည်**

ယခု ဥပဒေအရာရှိအဆင့်-၄ မှ အဆင့်-၃ သို့ ရာထူးတိုးစာမေးပွဲကို ရေးဖြေ၊ နှုတ်ဖြေအမှတ်၊ အကဲဖြတ်ရမှတ်နှင့် လုပ်သက်ရမှတ်များစုပေါင်းပြီး တန်းစီဇယား ပြုစုဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် မှန်မှန်ကန်ကန်စနစ်တကျနှင့် ရာထူးတိုးမြှင့်ရေး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ဥပဒေအရာရှိများအနေဖြင့် နိုင်ငံ့ဝန်ထမ်း ပီသစွာမိမိတို့လုပ်ငန်းတာဝန်များကိုသာ အလေးဂရုပြု ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်နှင့် တာဝန်ရှိသူများ၊ ရာထူးတိုးစာမေးပွဲဖြေဆိုသူ ဥပဒေအရာရှိအဆင့်-၄ များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**





ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာစဉ်။

**❍ ပုလဲအတွဲများမှ**

ယနေ့နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ရတနာကုန်သည်များသည် ရောင်းချမည့် ပုလဲအတွဲအမှတ် ၁ မှ အတွဲအမှတ် ၂၂၀ အထိ ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် တာဝန်ရှိသူများက ဈေးနှုန်းအဆိုပြုလွှာများကို ဖွင့်ဖောက်စစ်ဆေးကြပြီး ပုလဲအတွဲပေါင်း ၂၂၀ ကို ရောင်းချရကြောင်း ကြေညာသည်။

ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများ ပြသရောင်းချပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဒီဇင်ဘာ ၁၇ ရက်မှ ၂၂ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲ ၃၃၀ တွဲ၊ ကျောက်စိမ်းအတွဲ ၇၈၀ တွဲတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# အနုပညာရှင်အသင်းအဖွဲ့များအတွက် အခြေခံစားသောက်ကုန်များ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

အနုပညာရှင် အသင်းအဖွဲ့များ အတွက် အခြေခံစားသောက်ကုန် များ ပေးအပ်လှူဒါန်းပွဲကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာ၌ ယနေ့ကျင်းပ သည့် အနုပညာရှင်အသင်းအဖွဲ့ များအတွက် အခြေခံစားသောက် ကုန်များ ပေးအပ်လှူဒါန်းခြင်းမှာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးလှမိုး၊ ရန်ကုန်တိုင်း ဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးနှင့် မိသားစု တို့က လှူဒါန်းမှုအပေါ် စီစဉ် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် ထိခိုက်မှုများတွင် မြန်မာနိုင်ငံမှ အနုပညာလုပ်ငန်းများလည်း ပါဝင် ပြီး အနုပညာရှင်များအနေဖြင့် စားဝတ်နေရေး အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

**စီစဉ်ဆောင်ရွက်ပေးခဲ့**

ထိုကဲ့သို့ အနုပညာရှင်များ စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့မှုအပေါ် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် ပြီးခဲ့ သည့် နိုဝင်ဘာလအတွင်း က ပေးအပ်လှူဒါန်းမှုဖြင့် စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထိုကဲ့သို့ အခြေခံစားသောက်ကုန် များ အဆက်မပြတ် ပေးအပ် လှူဒါန်းပေးရန်မှာ ရေရှည်တွင် ကန့်သတ်ချက်များ ရှိနိုင်သဖြင့် အနုပညာရှင်များသည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း များကို စည်းစည်းလုံးလုံး ညီညီ ညွတ်ညွတ်ဖြင့် ပြန်လည်ဆောင် ရွက်ကြစေလိုပါကြောင်း၊ မိမိတို့ တတ်ကျွမ်းသည့် အနုပညာဖြင့် မွန်းကျပ်နေသော ပြည်သူများ အပန်းပြေစေရေး အလုပ်အကျွေး ပြုရန်လိုအပ်ပါကြောင်း၊ အနုပညာ ရှင်များအနေဖြင့် ကျန်းမာရွှင်လန်း စွာ၊ စိတ်အေးချမ်းသာစွာဖြင့် သက်ဆိုင်ရာ အနုပညာလုပ်ငန်း များကို ဆောင်ရွက်နိုင်ရန် ဆုမွန် ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း ဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးနှင့် ရန်ကုန်တိုင်း ဒေသကြီး ဥပဒေချုပ် ဦးဌေးအောင် တို့က အမှာစကား ပြောကြားကြ သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ နိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန် ရှိသူများအား လည်းကောင်း၊



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများအား အခြေခံစားသောက်ကုန်များ ပေးအပ်စဉ်။

ရန်ကုန်တိုင်းဒေသကြီး စီးပွား ရေးရာဝန်ကြီး ဦးအောင်သန်းဦး နှင့် မိသားစုက မြန်မာနိုင်ငံ ဂီတ အစည်းအရုံး(ဗဟို)မှ တာဝန်ရှိသူ များအား လည်းကောင်း၊ ရန်ကုန် တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က ရုပ်ရှင်အသင်း အဖွဲ့များမှ တာဝန်ရှိသူများအား လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန (ကိုယ်စား) ၎င်းဌာနမှ ဦးစီးအရာရှိ ဒေါ်စန္ဒာအေးက မြန်မာနိုင်ငံ လူရွှင်တော်အသင်းမှ တာဝန်ရှိသူ များအား လည်းကောင်း အခြေခံ စားသောက်ကုန်များ ပေးအပ် လှူဒါန်းကြသည်။

ယင်းနောက် အနုပညာရှင် အသင်းအဖွဲ့များကိုယ်စား မြန်မာ နိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဒါရိုက်တာ ဦးကြည်စိုးထွန်းက ကျေးဇူးတင်စကား ပြောကြား သည်။

ယနေ့လှူဒါန်းပွဲတွင် သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာနမှ ဆီတစ်လီတာဘူး ၃၀၁၀ နှင့် ပဲပိဿာ ၃၀၁၀၊ ရန်ကုန်တိုင်း ဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးနှင့် မိသားစုက ဆန် ၁၂ ပြည်အိတ် ၃၀၁၀ နှင့် ဆားပိဿာ ၃၀၁၀ လှူဒါန်းမှုတို့ အပေါ် မြန်မာနိုင်ငံရုပ်ရှင်အစည်း အရုံးမှအသင်းဝင် ၁၆၉၀၊ မြန်မာ နိုင်ငံ ဂီတအစည်းအရုံး(ဗဟို) မှ အသင်းဝင် ၁၁၁၀ နှင့် မြန်မာ နိုင်ငံ လူရွှင်တော်အသင်းဝင် ၂၁၀ စုစုပေါင်း အနုပညာရှင် ၃၀၁၀ အတွက် တစ်ဦးလျှင် ဆန် ၁၂ ပြည်၊ ဟင်းရွက်ဆီ တစ်လီတာ၊ ပဲနှင့်ဆား တစ်ပိဿာနှုန်းစီဖြင့် ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်း ကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန် မြို့ ရေဝေးသုသာန်တွင် ပြုလုပ် သည့် မြန်မာနိုင်ငံရုပ်ရှင်အစည်း အရုံး နာယက စည်သူဗိုလ်ကလေး တင့်အောင်၏ ဈာပနသို့ သွားရောက်ပို့ဆောင်ပြီး ကျန်ရစ် သူမိသားစုအား နာရေးထောက်ပံ့ ငွေ ပေးအပ်သည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ယမန်နေ့ ညနေပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ရခိုင် ပြည်နယ် သံတွဲမြို့ရှိ မြန်မာ့အသံ နှင့် ရုပ်မြင်သံကြား ထပ်ဆင့် လွှင့်စက်ရုံသို့ သွားရောက်စစ်ဆေး ပြီး လိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများအား ထောက်ပံ့ငွေ များ ပေးအပ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားသည် နိုင်ငံတစ်ဝန်းသို့ ရုပ်သံထပ်ဆင့် လွှင့်စက်ရုံ ၂၅၈ ရုံမှ Analogue စနစ်ဖြင့် လွှမ်းခြုံထုတ်လွှင့်ပေး လျက်ရှိရာမှ ၎င်းအနက် ၁၅၃ ရုံ မှာ ဒစ်ဂျစ်တယ် DVB-T2 စနစ်ဖြင့် တိုးချဲ့ထုတ်လွှင့်လျက်ရှိရာ သံတွဲ မြို့နယ်အပါအဝင် ရခိုင်ပြည်နယ် တစ်ခုလုံးကို ထပ်ဆင့်လွှင့်စက်ရုံ ၁၆ ရုံဖြင့် လွှမ်းခြုံထုတ်လွှင့်ပေး လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦး မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) မှ တာဝန်ရှိသူများအား အခြေခံစားသောက်ကုန်များ ပေးအပ်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ သံတွဲမြို့နယ်အားကစားကွင်းနှင့် မိုးလုံလေလုံအားကစားခန်းမအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် သံတွဲမြို့နယ် အားကစားကွင်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီး က ဘောလုံးအားကစားကွင်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် လိုအပ်သည့် ဝန်ထမ်းအင်အားအရေအတွက်အတိုင်း ထပ်မံ ခန့်ထားပေးနိုင်ရေးနှင့် ရေရရှိနိုင်ရေးအတွက် ရေကန်တည်ဆောက်ပေးခြင်း၊ ရေတွင်းတူးပေးခြင်း၊ ဘောလုံးကွင်းစိမ်းလန်းစိုပြည်စေရေးနှင့် သန့်ရှင်းမှု ရှိစေရန် မြက်ရိတ်စက်လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မီတာ ၄၀၀ ပြေးလမ်း ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရန်နှင့် ပွဲကြည့်စင်အား အမြဲတမ်း သန့်ရှင်းသပ်ရပ်စွာထားရှိနိုင်ရန် တာဝန်ရှိ သူများအား မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မိုးလုံလေလုံအားကစားခန်းမကို ကြည့်ရှုစစ်ဆေးပြီး အားကစားခန်းမ သန့်ရှင်းသာယာလှပစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ပြည်သူများ အားကစားကို လွတ်လပ်ပျော်ရွှင်စွာ လာရောက် ကစားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရန်၊ မြို့နယ် အားကစားကွင်းအတွင်း Fitness Center (GYM) ခန်းမအသစ် တည်ဆောက်ပေးနိုင်ရန်နှင့် လိုအပ် သည့် အားကစားပစ္စည်းများ ထပ်မံဖြည့်စွက်ပံ့ပိုး ဆောင်ရွက်ပေးသွားရန် မှာကြားခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**



# ကချင်ပြည်နယ် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(၁၂)ကြိမ်မြောက် နှစ်နှစ်တာ ပုံမှန်သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ကချင်ပြည်နယ် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း (၁၂) ကြိမ်မြောက် နှစ်နှစ်တာ ပုံမှန်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းရှိ ဓမ္မဗိမာန်တော်၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်သက်ဦးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ခေမာသီဝံကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တစန္ဒာစရာဘိဝံသထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက်ကျောင်းကြီးကြပ်ရေးနာယကအဖွဲ့ဝင်ဆရာတော်ဘဒ္ဒန္တကေတုမာလာက ဩဝါဒကထာ မြွက်ကြားပြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဝါသဝက သင်တန်းကျောင်းနှင့် ပတ်သက်၍ ရှင်းလင်းမိန့်ကြားသည်။

ဆက်လက်၍ကျောင်းဥပတ္ထမ္ဘကအဖွဲ့ အတွင်းရေးမှူး ပြည်နယ်သာသနာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးက သင်တန်းကျောင်း အုပ်ချုပ်ထောက်ပံ့မှုကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားသည်။ ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းကြီးကြပ်ရေး နာယကအဖွဲ့ဝင် ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# မွန်ပြည်နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီသူများအား ဂုဏ်ပြု

**မော်လမြိုင် ဒီဇင်ဘာ ၁၈**

မွန်ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကာလအတွင်း ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသော ကျန်းမာရေးဝန်ထမ်းများ အပါအဝင် သက်ဆိုင်ရာကဏ္ဍအသီးသီးအလိုက် ဝန်ထမ်းများ၊ ပရဟိတအသင်းအဖွဲ့များနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ ကျင်းပသည်။

**ဝိုင်းဝန်းကူညီ**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက မွန်ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်းဖြစ်ပွားချိန်မှစ၍ တတိယလှိုင်းကာလအထိ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အတွင်း ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးသူ ၇၆ ရာခိုင်နှုန်း၊ ဒုတိယအကြိမ် ထိုးနှံပြီးသူ ၆၁ ရာခိုင်နှုန်းနှင့် ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ ရည်မှန်းဦးရေ ၆၁ ရာခိုင်နှုန်း ထိုးနှံပြီးဖြစ်ကြောင်း၊ အခြေခံပညာ ကျောင်းသား ကျောင်းသူအနေဖြင့် ၈၀၁၁၄ ဦး ထိုးနှံပြီးဖြစ်ကြောင်းနှင့် မိမိတို့ပြည်နယ်အတွက် ကာကွယ်ရေးလုပ်ငန်းများတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီသူများအားလုံးကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အထောက်အကူပြုအဖွဲ့များ၊ အလှူရှင်များ၊ တပ်မတော် ဆေးတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ပရဟိတလူမှုကူညီရေးအဖွဲ့များနှင့် အသင်းအဖွဲ့ စုစုပေါင်း ၉၀ တို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ငွေကျပ် ၁၁၇ သိန်း အသီးသီးချီးမြှင့်ပေးပြီးနောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် အဘက်ဘက်မှ ထောက်ပံ့ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ လူမှုအကျိုးပြုလုပ်ငန်းများတွင် စေတနာရှင်၊ အလှူရှင်များနှင့် ပရဟိတလူမှုကူညီရေးအဖွဲ့များကလည်း တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ခရီးသွားများစိတ်ဝင်စားသည့် တောတောင်သဘာဝနှင့် တိုင်းရင်းသားရိုးရာဓလေ့များကို လေ့လာနိုင်သည့်ခရီးစဉ် ၅၄ နေရာရှိ

**စစ်ကိုင်း ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၃/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီးတွင် ပြည်တွင်းခရီးသွားများ စိတ်ဝင်စားသည့် ထင်ရှားသောတန်ခိုးကြီးဘုရားပုထိုးစေတီများရှိသည့်အပြင် ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်စားသည့် တောတောင်သဘာဝနှင့်တိုင်းရင်းသားရိုးရာဓလေ့များကို လေ့လာနိုင်သော ခရီးသွားဖုန် ခြောက်ဖုန်နှင့် ခရီးစဉ် ၅၄ နေရာရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး၊ စည်းကမ်းချက်များနှင့်အညီ ဟိုတယ်၊ တည်းခိုရိပ်သာများ ပြန်လည်ဖွင့်လှစ်ထားပြီးဖြစ်ကာ တိုင်းဒေသကြီးအတွင်း ပြည်တွင်းခရီးသွားများဖြင့် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက ဒေသဆိုင်ရာခရီးသွားလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သူဦးက နိုဝင်ဘာလအတွင်း တိုင်းဒေသကြီးရှိ ဟိုတယ်၊ တည်းခိုရိပ်သာ၊ စည်းပင်သာယာတည်းခိုခန်းများတွင် ခရီးသွားများ ဝင်ရောက်တည်းခိုမှုအခြေအနေများ၊ နိုဝင်ဘာလအတွင်း တိုင်းဒေသကြီးအတွင်းရှိ ထင်ရှားသည့်ခရီးစဉ်များကို ခရီးသွားများ လာရောက်လည်ပတ်မှုအခြေအနေများ၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်သက်တမ်းတိုးတင်ပြခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသူများက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အသီးသီး အကြံပြုဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**





# ပန်းတနော်မြို့နယ် ဗောဓိချောင်းအတွင်း ငါးမျိုးများစိုက်ထည့်

**မအူပင် ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ သဘာဝမြစ်ချောင်းအင်းအိုင်များအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေး၊ လူတစ်ဦးချင်း ငါးစားသုံးမှု တိုးတက်စေရေးနှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပန်းတနော်မြို့နယ် ရွှေလှေကျေးရွာအုပ်စု ဗောဓိချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၊ မအူပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းဗိုလ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များ၊ ရေလုပ်သားများ၊ ဒေသခံပြည်သူများ ပန်းတနော်ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးခုံးမကြီးသားပေါက်ကောင်ရေ နှစ်သိန်းနှင့် ငါးမြစ်ချင်းသားပေါက်ကောင်ရေ နှစ်သိန်းတို့အား ရွှေလှေကျေးရွာအုပ်စု၊ ဗောဓိချောင်းအတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ (၁၃၅)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး

# မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းမှသည် နေပျော်ဖွယ်ရာ လူမှုပတ်ဝန်းကျင်ဆီသို့

ဟေမာန် (မြို့ပြ/ဒေသ)



Korea-Myanmar Industrial Complex ၏ အဆိုပြုစီမံကိန်းပုံစံ။

နေပျော်ဖွယ်လူ့အသိုက်အဝန်းဟူသည် ရုပ်ပိုင်းဆိုင်ရာအရ သာယာလှပမှုသာမက စိတ်ပိုင်းဆိုင်ရာအရပါ အေးချမ်းမှုပေးနိုင်သည့်အပြင် လူမှုအဆင့်အတန်းအားလုံး သာတူညီမျှဖြင့် ပျော်ပျော်ရွှင်ရွှင် ပေါင်းစည်းနေထိုင်နိုင်ပြီး ဘေးကင်းလုံခြုံသည့် အသိုက်အဝန်းတစ်ခုဟု ဆိုနိုင်ပါသည်။

မြို့တစ်မြို့ကို နေပျော်ဖွယ်ရာ ပတ်ဝန်းကျင်ဖြစ်စေရန် ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးသာမက လူမှုရေးအရပါ ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ပြီးသားဖြစ်ပါလိမ့်မည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ်(၈/၂၀၂၁)၌ မြို့ပြစီမံကိန်းများရေးဆွဲခြင်းလုပ်ငန်းနှင့်စပ်လျဉ်းပြီး

- မြို့သစ်များ ဖော်ဆောင်ရာတွင် ပါဝင်ရမည့်အင်္ဂါရပ်များအား ပြည့်ပြည့်စုံစုံ ထည့်သွင်းစဉ်းစားပြီး အနာဂတ်အတွက် မျှော်မှန်းတည်ဆောက်ရန်နှင့်
- မြို့ပြနေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်

လမ်းညွှန်မှုပြုထားကြောင်း တွေ့ရှိရပါသည်။

ထို့အပြင် နိုင်ငံတော်အကြီးအကဲ၏ နိုင်ငံအတွင်းခရီးစဉ်အချို့၌လည်း မြို့ပြစီမံကိန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းပြီး

- သင့်လျော်သောအထပ်မြင့်အဆောက်အအုံများ ဆောင်ရွက်ခြင်းဖြင့် အခြေခံအဆောက်အအုံအတွက် ကုန်ကျစရိတ်ကို လျှော့ချရန်၊
- သွားလာချိတ်ဆက်မှု လွယ်ကူစေရေး ဆောင်ရွက်ပေးခြင်းဖြင့် ရာဇဝတ်မှုအန္တရာယ်များကို ကာကွယ်ရန်၊
- မြို့များ၏ သန့်ရှင်းသာယာလှပရေးအတွက် လူမှုစီးပွား အခြေခံအဆောက်အအုံများ အလုံအလောက်ထည့်သွင်းတည်ဆောက်ရန်နှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးရန်၊
- မြို့ပြစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် ပကတိအခြေအနေများနှင့် ကိုက်ညီအောင် လက်တွေ့ကျသည့် အခြေခံအချက်များကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်၊
- ပြည်နယ်နှင့်တိုင်းကွာခြားမှု၊ ကျေးလက်မြို့ပြကွာခြားမှုများကို လျှော့ချ၍ ဒေသအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန်၊
- မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်ရာတွင် အများသုံးသယ်ယူပို့ဆောင်မှုစနစ် ကောင်းမွန်စေရန်နှင့် အနာဂတ်တွင် ယာဉ်ကြောကျပ်တည်းမှုများ မဖြစ်ပေါ်စေရန်အတွက်ပါ ထည့်သွင်းစဉ်းစားရန်၊
- မြို့သာယာလှပရေးအတွက် သက်ဆိုင်ရာဌာနများနှင့် မြို့နေပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် စသည့်လမ်းညွှန်မှုများ ရှိခဲ့ပါသည်။

### မြန်မာနိုင်ငံ၏ မြို့ပြစီမံကိန်း ပုံစံရေးဆွဲခြင်းလုပ်ငန်းသမိုင်းကြောင်း

မြန်မာနိုင်ငံ၏ မြို့ပြစီမံကိန်းပုံစံရေးဆွဲခြင်း (Urban Planning) ကဏ္ဍကို ခေတ်တစ်လျှောက်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည်ဖြစ်ရာ ၁၉၂၀ ပြည့်နှစ်တွင် အတည်ပြုခဲ့သော The Rangoon Development Trust Act (RDT Act) အရ ကနဦးအခြေပြုခဲ့သည်ဟု ဆိုနိုင်ပါသည်။ ထိုမှတစ်ဆင့် ၃၀-၄-၁၉၅၁ ရက်နေ့တွင် နိုင်ငံတော် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့( National Housing and Town and Country Development Board-NHB)၊ ၁-၇-၁၉၇၀ ရက်နေ့တွင် အိုးအိမ်အဖွဲ့ (Housing Board)၊ ၁၅-၃-၁၉၇၂ ရက်နေ့တွင် အိုးအိမ်ကော်ပိုရေးရှင်း၊ ၁၃-၆-၁၉၇၃ ရက်နေ့တွင် အိုးအိမ်ဦးစီးဌာန၊ ၁-၇-၁၉၉၀ ရက်နေ့တွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ၁-၄-၂၀၁၅ ရက်နေ့တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနဟူ၍ အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး နိုင်ငံတစ်ဝန်း မြို့ပြနှင့်အိမ်ရာကဏ္ဍ ဟန်ချက်ညီညီ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့ရာ ရာစုနှစ်တစ်ခုကိုပင် ဖြတ်ကျော်လာခဲ့ပြီဖြစ်သည်။

ထိုသို့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းပုံစံများ ရေးဆွဲဆောင်ရွက်လျက်ရှိရာတွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနလက်အောက်ရှိ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးဌာနခွဲသည် ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းပုံစံ စုစုပေါင်း ၉၉ ခု ရေးဆွဲနိုင်ခဲ့သည်။ ၎င်းနောက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ မြို့ပြနှင့်ဒေသများ ဖွံ့ဖြိုးရေးအတွက် စုစုပေါင်း စီမံကိန်းပုံစံ ၂၀၃ ခု ရေးဆွဲပေးနိုင်ခဲ့သည်။ ဌာနအနေဖြင့် ပြည်တွင်းရှိ မြို့ပြစီမံကိန်းရေးဆွဲရေးပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပညာရှင်များနှင့်အတူ ပူးပေါင်း၍လည်း မြန်မာနိုင်ငံ၏ မြို့ပြစီမံကိန်းပုံစံရေးဆွဲခြင်းဆိုင်ရာ နည်းပညာများကို ခေတ်နှင့်အညီ တိုးတက်လာစေရန်နှင့် ပြန့်ပွားလာစေရန် စဉ်ဆက်မပြတ်အားထုတ်ဆောင်ရွက်လျက်ရှိသည်။

### မြို့ပြစီမံကိန်းပုံစံများရေးဆွဲရာ၌ ထည့်သွင်းစဉ်းစားရသည့်အချက်များ

ယင်းသို့ မြို့ပြစီမံကိန်းပုံစံရေးဆွဲရာ၌ မြို့တစ်မြို့ကို စနစ်တကျ ဖွံ့ဖြိုးလာစေရန်အတွက် ၎င်းမြို့၏ ဖွံ့ဖြိုးမှုအလားအလာ၊ နေပျော်ဖွယ်ရာရှိမှု၊ ရေရှည်အကျိုးဖြစ်ထွန်းနိုင်မှု၊ ၎င်းမြို့၏အခြေခံအဆောက်အအုံများနှင့်ဂေဟစနစ်များက အများဆုံးထောက်ပံ့ပေးနိုင်သော စွမ်းဆောင်ရည်၊ ရာသီဥတုနှင့် သဘာဝဘေးဒဏ်ခံစားရမှုစသော အချက်အလက်များအတွက် လိုအပ်သော လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး ရရှိလာသည့် ခိုင်မာသောရလဒ်များကို အခြေခံကာ မြို့များ၏ မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းပုံစံကို ရေးဆွဲရပါသည်။ စာမျက်နှာ ၁၁ သို့ ❈

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် လက်ရှိဆောင်ရွက်အသုံးပြုလျက်ရှိသော မြို့ပြစီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်




**မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် နှစ်အလိုက် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းပုံစံရေးဆွဲရန်အတွက် ကြိုတင်လျာထားရာတွင် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့ကြီး သုံးမြို့၏ ဗဟိုချက် (၃)ခု ဖွံ့ဖြိုးမှုကို အမှီပြု၍ မြို့များ၏ ဖွံ့ဖြိုးမှု တိုးတက်မှုအလားအလာ၊ တည်နေရာအနေအထား၊ ရာသီဥတု၊ သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု၊ အချက်အချာကျမှု၊ တည်ရှိနေသော အရင်းအမြစ်များ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် သမိုင်းအမွေအနှစ်များ၊ သဘာဝဘေးဒဏ်ခံစားရနိုင်ခြေရှိမှု၊ လက်ရှိလူဦးရေနှင့် လူဦးရေတိုးတက်မှုနှုန်း၊ လူဦးရေတိုးတက်လာရသည့်အကြောင်းရင်း စသည်တို့အပေါ်မူတည်၍ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရန် လျာထား**

# ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၁၈**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန် အတွက် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ်ရှိ ကုန်းမြင့် (၁) စိုက်ပျိုးရေးနှင့်မွေးမြူရေး စံပြစခန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေး ဗဟိုစံပြစခန်းတို့ကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ် စံပြဘက်စုံစိုက်ပျိုးမွေးမြူရေး ခြံကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည် ဝင်ရောက်လာသူ အမျိုးသား ၁၂၉ ဦးနှင့် အမျိုးသမီး ၁၁၉ ဦး စုစုပေါင်း ၂၄၈ ဦး ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး လေးဦး စုစုပေါင်း ၁၀ ဦး၊ လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား သုံးဦးနှင့် အမျိုးသမီး ခြောက်ဦး စုစုပေါင်း ကိုးဦးတို့ကို လည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၃၈ ဦးနှင့် အမျိုးသမီး ၆၅ ဦး စုစုပေါင်း ၂၀၃ ဦးတို့ကို လည်းကောင်း အသီးသီးလက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် - ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာ နေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

✻ စာမျက်နှာ ၁၀ မှ

ထူးခြားသည်မှာမူ မြန်မာနိုင်ငံရှိ မြို့ပြများသည် ရေမြေသဘာဝရာသီဥတုအခြေအနေများကွာခြားသည့်အပြင် သယ်ယူပို့ဆောင်ရေးကွန်ရက်စနစ်များ၏ လွှမ်းမိုးမှုကြောင့်လည်း နေရာဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုပုံစံ (Development Pattern) ကွဲပြားမှုရှိပါသည်။ သို့ဖြစ်ပါ၍ မြို့တစ်မြို့ချင်းစီအလိုက် ကိုက်ညီနိုင်မည့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းပုံစံရေးဆွဲခြင်းဆိုင်ရာ အခြေခံအယူအဆများနှင့် စည်းမျဉ်းများ (Planning Concepts & Principles) ကို စိစစ်ရွေးချယ်အသုံးချ၍ မြို့ပြစီမံကိန်းများ ရေးဆွဲရပါသည်။

မြို့ပြဖွံ့ဖြိုးမှုအပေါ် သက်ရောက်နိုင်ခြေရှိသော အကြောင်းအရာများ Externalities နှင့် Internalities၊ အရွေ့များ Both Global and Local Paradigm Shifts ကိုပါ ထည့်သွင်းသုံးသပ်မှသာ မြို့များ၏ ဆက်လက်ရှင်သန်ဖွံ့ဖြိုးနိုင်မှုနှင့် စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုတို့ကို ရရှိနိုင်မည်ဖြစ်ပြီး ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများကို ပြန်လည်တုံ့ပြန်နိုင်စွမ်းရှိသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သောမြို့များ ဖြစ်ပေါ်လာနိုင်ပါသည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအလားအလာကို ဆန်းစစ်ကြည့်ပါက ဖွံ့ဖြိုးမှုနှုန်းအမြင့်ဆုံးမှာ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့ဖြစ်ကြောင်း တွေ့ရပေမည်။ သို့ဖြစ်ပါ၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် နှစ်အလိုက် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းပုံစံ ရေးဆွဲရန်အတွက် ကြိုတင်လျာထားရာတွင် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့ကြီးသုံးမြို့၏ ဗဟိုချက်(၃)ခု ဖွံ့ဖြိုးမှု (Tri-Polar Development)ကို အမှီပြု၍ မြို့များ၏ ဖွံ့ဖြိုးမှုတိုးတက်မှုအလားအလာ၊ တည်နေရာအနေအထား၊ ရာသီဥတု၊ သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု၊ အချက်အချာကျမှု၊ တည်ရှိနေသော အရင်းအမြစ်များ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် သမိုင်းအမွေအနှစ်များ၊ သဘာဝဘေးဒဏ်ခံစားရနိုင်ခြေရှိမှု၊ လက်ရှိလူဦးရေနှင့် လူဦးရေတိုးတက်မှုနှုန်း၊ လူဦးရေတိုးတက်လာရသည့် အကြောင်းရင်းစသည်တို့အပေါ်မူတည်၍ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရန် လျာထားလေ့ရှိပါသည်။ ထိုမျှမကဘဲ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းပုံစံရေးဆွဲပြီး မြို့များ၏ဖွံ့ဖြိုးတိုးတက်မှုကို ပြန်လည်ဆန်းစစ်၍ ၎င်းရေးဆွဲပြီး မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းပုံစံအား အနည်းဆုံး ငါးနှစ်တစ်ကြိမ်ခန့် ပြန်လည်လေ့လာဆန်းစစ်၍ သုံးသပ်ပြင်ဆင်ရေးဆွဲခြင်း ပြုလုပ်သင့်ပါသည်။

မြို့ပြဖွံ့ဖြိုးရေးဆောင်ရွက်ရာ၌ Good Urban Governance အဖြစ် မြို့ပြစီမံအုပ်ချုပ်မှုယန္တရားကောင်းစွာလည်ပတ်နိုင်စေရန်ရည်ရွယ်၍ လိုအပ်သော မြို့ပြဆိုင်ရာဥပဒေပြုရေး (Urban Legislation) ကဏ္ဍကို ဆောင်ရွက်ရာတွင်လည်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် အမျိုးသားမြို့ပြမူဝါဒ (မူကြမ်း)(Drafted National Urban Policy- NUP) နှင့် အမျိုးသားနယ်မြေဒေသဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းဥပဒေ (မူကြမ်း)ကိုလည်း ရေးဆွဲထားရှိပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

### ရေးဆွဲပြီးမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းပုံစံများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၎င်း Urban Governance System များ ကောင်းမွန်စွာ လည်ပတ်နိုင်ရန်အတွက် လိုအပ်သော Assets များကိုလည်း အစိုးရ၏ ဘဏ္ဍာငွေခွဲဝေမှုမှလည်းကောင်း (National/State and Regional)၊ မြို့၏အခွန်အခ ကောက်ခံရရှိငွေမှလည်းကောင်း (Local Tax and Revenues)၊ အများပြည်သူ၏ ဆန်းသစ်တီထွင်မှုဖြင့်လည်းကောင်း (Public Innovation and Self-Organizing)၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း (Public Private Partnership- PPP)၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့များကို လျှောက်ထားရယူခြင်းဖြင့်လည်းကောင်း (Loan/ Grant) ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေရပါမည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာ မြို့ပြစီမံအုပ်ချုပ်သူများအနေဖြင့်လည်း မြို့၏ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် အစိုးရ၏ဘဏ္ဍာငွေခွဲဝေမှုအပေါ်၌သာ ရပ်တည်နေခြင်းမပြုဘဲ အခြားသော ဘဏ္ဍာငွေအရင်းအမြစ်များရယူဆောင်ရွက်နိုင်ရန် ကြိုးပမ်းသင့်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ကောင်းမွန်စနစ်ကျ၍ ရေရှည်ဖွံ့ဖြိုးနိုင်သော နေပျော်ဖွယ်ရာ မြို့ပြများဖြစ်ပေါ်စေရေးအတွက် လိုအပ်သော သုတေသနလုပ်ငန်းများ ပြုလုပ်၍ ခိုင်မာသောရလဒ်များကို အခြေပြုကာ သက်ဆိုင်ရာ မြို့ပြစီမံကိန်းပုံစံ ရေးဆွဲရေးပညာရှင်များက ဦးဆောင်၍ အထူးပြုပညာရှင်များနှင့် ပြည်သူလူထု၏ သဘောထားအမြင်တို့ကို ပေါင်းစပ်ပြီး မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းပုံစံများကို ရေးဆွဲရန် လိုအပ်သည်။

သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ မြို့ပြများကို ဘေးကင်းလုံခြုံ၍ သာယာလှပပြီး နေချင်စဖွယ်ဖြစ်သော မြို့များ/ ရာသီဥတုနှင့် သဘာဝဘေးဒဏ်ခံနိုင်သော မြို့များအဖြစ်မှသည် နေပျော်ဖွယ်ရာ မြန်မာ့လှူ့အသိုက်အဝန်းအဖြစ် ဖွံ့ဖြိုးလာရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ (၁၃၅) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုတင်ပြလိုက်ရပါသည်။ ။

# ဖိလစ်ပိုင်နိုင်ငံ၌ အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းကြောင့် သေဆုံးသူ ၃၃ ဦးထက်မနည်းရှိလာ



**ဆူရီဂါအို စီးတီး ဒီဇင်ဘာ ၁၈**

ဒီဇင်ဘာ ၁၇ ရက်က ဖိလစ်ပိုင်နိုင်ငံသို့ "ရိုင်"အမည်ရှိ အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းတစ်ခု ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် လက်ရှိအချိန်အထိ သေဆုံးသူ ၃၃ ဦးထက်မနည်းရှိလာပြီး အများအပြားပျောက်ဆုံးနေဆဲဖြစ်ကြောင်း ယနေ့ထုတ်ပြန်သည့်တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

## ရေနစ်သေဆုံးခဲ့ခြင်းဖြစ်

နီဂရိုးအိုဆီဒင်တာလ်ပြည်နယ်ဆိုင်ရာ သဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီဌာနမှ တာဝန်ရှိသူတစ်ဦးက တိုင်ဖွန်းမုန်တိုင်းကြောင့် ၁၃ ဦးထပ်မံသေဆုံးကြောင်း အတည်ပြုခဲ့ပြီးနောက် သေဆုံးသူအရေအတွက် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ယင်းသေဆုံးသူအများစုမှာ မုန်တိုင်းကြောင့်ဖြစ်ပေါ်လာသည့် ရေကြီးရေလျှံမှုများတွင် ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ပြီး အခြားလူ ၅၀ လည်း ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာ သဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီတာဝန်ခံ ဆာလ်ဗာဒိုက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

မုန်တိုင်းဝင်ရောက်လာမည့်သတင်းကို မိမိတို့ကြားသိခဲ့ပြီးနောက် ဒီဇင်ဘာ ၁၆ ရက် အစောပိုင်းမှစ၍ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကြရန် ပြည်သူများကို တိုက်တွန်းထားသော်လည်း တချို့သည် ပြောင်းရွှေ့ခြင်းမရှိဘဲ ဆက်လက်နေထိုင်ခဲ့ကြကြောင်း ၎င်းက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

## ပြောင်းရွှေ့ခဲ့

ကမ်းရိုးတန်းဒေသများသို့ "ရိုင်" တိုင်ဖွန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ခြင်းကြောင့် ယင်းဒေသများရှိ ပြည်သူ သုံးသိန်းကျော်တို့သည် အိုးအိမ်စွန့်ခွာပြီး ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြသည်။ ထို့အပြင် မုန်တိုင်းကြောင့် ဒေသအများအပြားတွင် ဆက်သွယ်ရေးစနစ်နှင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပွားခဲ့ပြီး လူနေအိမ်များပျက်စီးခြင်းနှင့် ကွန်ကရစ်ဓာတ်တိုင်များ ပြိုလဲခြင်းတို့ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမုန်တိုင်းသည် ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် မုန်တိုင်းများအနက် အင်အားအပြင်းထန်ဆုံးဖြစ်ပြီး ဒီဇင်ဘာ ၁၇ ရက်က တစ်နာရီလျှင် ပြင်းအား ၁၉၅ ကီလိုမီတာနှုန်းဖြင့် ကမ်းရိုးတန်းဒေသများသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည်။ အဆိုပါကမ်းရိုးတန်းဒေသများသည် ကမ္ဘာ့လှည့်ခရီးသည်များအတွက် ရေပန်းစားသော ကျွန်းစုတစ်စုဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် "ရိုင်" တိုင်ဖွန်းမုန်တိုင်းသည် ဗီယက်နမ်နိုင်ငံဘက်သို့ ဦးတည်ရွေ့လျားသွားကြောင်း ဖိလစ်ပိုင်မိုးလေဝသဌာနက ပြောကြားသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**



# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၄၃၄ ဦးထပ်မံတွေ့ရှိ

**မော်စကို ဒီဇင်ဘာ ၁၈**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၄၃၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၀၁၈၆၈၃ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၀၇၆ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် သေဆုံးသူစုစုပေါင်း ၂၉၆၁၈၀ ရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံမှဆင်းခွင့်ရရှိသူ ၃၈၀၄၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၈၉၅၂၆၆ ဦး ရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၂၂၈၃ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကူးစက်ခံရသူစုစုပေါင်း ၂၀၀၀၀၆၇ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ နိုင်ငံသား ၇၆ ဒသမ ၅ သန်းကျော်သည် ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၇၀ ဒသမ ၈ သန်းကျော်သည် ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများမြင့်တက်လျက်ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၁၈**

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများမြင့်တက်လျက်ရှိပြီး နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၀၀၀၀ ခန့်အထိရှိလာကြောင်း ယနေ့သတင်းများအရ သိရသည်။

ထို့ကြောင့် နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူကြရန်နှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေး စည်းမျဉ်းများအား တိကျစွာ လိုက်နာကြရန် အမေရိကန်ရောဂါပိုးမွှား ကာကွယ်ထိန်းချုပ်ရေး စင်တာမှ တိုက်တွန်းပြောကြားသည်။

လက်ရှိအချိန်၌ နိုင်ငံအတွင်း အိုမီခရွန်နှင့် ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်များ လျင်မြန်စွာကူးစက်ပျံ့နှံ့နေပြီး လာမည့်သီတင်းပတ်အနည်းငယ်အတွင်း အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုသည် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိသွားနိုင်ကြောင်း အဆိုပါစင်တာမှ ညွှန်ကြားရေးမှူး ရိုချယ်လီဝေါလန်စကီးက ပြောကြားသည်။

လက်ရှိအချိန်၌ အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများအား အမေရိကန်နိုင်ငံရှိ ပြည်နယ် ၃၉ ခု၌ တွေ့ရှိနေရသည်။ မကြာမီအချိန်အတွင်း နှစ်သစ်ကူးအားလပ်ရက် ရောက်ရှိတော့မည်ဖြစ်သဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား တိကျစွာလိုက်နာဆောင်ရွက်ကြရန် ၎င်းက တိုက်တွန်းခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**






# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၄ ဒသမ ၇၃ သန်းကျော်ရှိလာ

**နယူးဒေလီ ဒီဇင်ဘာ ၁၈**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၁၄၅ ဦး ရှိခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၄၇၃၃၁၉၄ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၈၉ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၇၇၁၅၈ ဦးရှိလာကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၈၄၅၆၅ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံမှဆင်းခွင့်ရရှိသူ ၈၇၀၆ ဦး ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၄၁၇၁၄၇၁ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြား သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## အစ္စရေး၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၃၄ ဦးရှိလာ

**ဂျေရုဆလင် ဒီဇင်ဘာ ၁၈**

အစ္စရေးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ် ကူးစက်ခံရသူ ၄၅ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၁၃၄ ဦးရှိလာကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အစ္စရေးနိုင်ငံ၌ အဆိုပါ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူများအနက် ၈၆ ဦးသည် တောင်အာဖရိက၊ ဗြိတိန်၊ ပြင်သစ်၊ အမေရိကန်ပြည်ထောင်စု၊ ယူအေအီး၊ ဟန်ဂေရီ၊ အီတလီ၊ နမီးဘီးယား၊ တန်ဇန်းနီးယား၊ ဂျာမနီ၊ မော်ရိုကို၊ စပိန်၊ ဆားဘီးယား၊ ဘယ်လ်ဂျီယံနှင့် တူရကီနိုင်ငံတို့မှ ရောက်ရှိလာသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အစ္စရေး၌ အိုမီခရွန်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၂၈ ဦးသည် တောင်အာဖရိက၊ ယူအေအီး၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံများမှ လာသောခရီးသည်များနှင့် အနီးကပ်နေထိုင်ခဲ့သူများဖြစ်ပြီး ကျန်လူနာ ၂၀ သည် ပြည်တွင်း၌ ကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် အစ္စရေးနိုင်ငံတွင် အိုမီခရွန်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအားလုံးအနက် ၄၂ ဦးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုမခံယူသူများ သို့မဟုတ် လွန်ခဲ့သည့် ခြောက်လကျော်က ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**





## အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉ ဒသမ ၁ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ ဒီဇင်ဘာ ၁၈**

အာဖရိကတိုက်၌ ဒီဇင်ဘာ ၁၇ ရက် ညနေပိုင်းအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉ ဒသမ ၁ သန်းကျော်ရှိလာကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ယနေ့တွင် ပြောကြားသည်။

**သေဆုံးသူပေါင်း ၂၂၅၇၅၈ ဦးရှိ**

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၁၁၄၉၆၄ ဦးရှိကြောင်း၊ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၂၅၇၅၈ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၈၃၀၂၂၁၃ ဦးရှိကြောင်း သိရသည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

**ပြောကြား**

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃ ဒသမ ၂၈ သန်းကျော်ရှိကြောင်းနှင့် မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၅၂၁၈၉ ဦးရှိကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး စင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ အာဖရိက တောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ဒုတိယအများဆုံး ဒေသများဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အနည်းဆုံးဒေသဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု၏ ၁၀ ရာခိုင်နှုန်းမှာ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုဖြစ်

**ပါရီ ဒီဇင်ဘာ ၁၈**

ပြင်သစ်နိုင်ငံ၌ လက်ရှိအချိန်တွင်အိုမီခရွန်ဗီဇပြောင်းကူးစက်မှုများကို ထပ်မံတွေ့ရှိလျက်ရှိပြီး ယခု အဆိုပါဗီဇပြောင်း ထပ်မံကူးစက်ခံရမှုအတိုင်းအတာသည် တစ်နိုင်ငံလုံးရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ၏ ၁၀ ရာခိုင်နှုန်းရှိနေသဖြင့် ပိုမိုတင်းကျပ်သော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ချမှတ်သွားရန်ရှိကြောင်း ပြင်သစ် ကျန်းမာရေးဝန်ကြီး အိုလီဗီယာဗီရန်က ယနေ့ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းသစ်အရ ၂၀၂၂ ခုနှစ်အစပိုင်းမှ စတင်၍ နိုင်ငံတစ်ဝန်းရှိ စားသောက်ဆိုင်များ၌ ဝင်ရောက်စားသောက်သူများနှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်စီးနင်းသူများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးကြောင်း လက်မှတ်ပြသရန်လိုအပ်မည်ဖြစ်သည်။

ထို့ပြင် အများပြည်သူဆိုင်ရာအဆောက်အအုံများသို့ဝင်ရောက်ပါက ကိုဗစ်-၁၉ ရောဂါကင်းစင်ကြောင်း ဆေးလက်မှတ်ကို ပြသရသည့်စနစ်မှာ ယခုစည်းမျဉ်းသစ်၌ တရားဝင်နေဆဲဖြစ်ကြောင်း သိရသည်။ ၂၀၂၂ ခုနှစ်၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်သည် ပြင်သစ်နိုင်ငံ၌ ကူးစက်မှုအများဆုံး ဗီဇပြောင်းဗိုင်းရပ်စ်ဖြစ်လာနိုင်ကြောင်း ပြင်သစ်ဝန်ကြီးချုပ် ယွန်ကားတက်စ်က ပြောကြားသည်။ သို့ရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးသူများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံမှုခံယူထားသူများသည် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်အပါအဝင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကိုကာကွယ်နိုင်ကြောင်း လက်ရှိရရှိထားသော ဆေးဝါးဆိုင်ရာ အချက်အလက်များအရသိရှိရသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံရေးအစီအစဉ်ကို အရှိန်မြှင့်တင်ရန် ပြင်သစ်နိုင်ငံက စီစဉ်နေသည်။ နိုင်ငံအတွင်း နှစ်သစ်ကူးကာလတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမများပြားစေရန်အတွက် နှစ်သစ်ကူး ဖျော်ဖြေပွဲများကို ပိတ်ပင်ရန် နိုင်ငံအတွင်းရှိ ဒေသန္တရဆိုင်ရာတာဝန်ရှိသူများအား ပြင်သစ်ဝန်ကြီးချုပ် ယွန်ကားတက်စ်က ညွှန်ကြားခဲ့သည်။ **ကိုးကား - စီဂျီတီအင်န်၊ ဘာသာပြန် - စိုးသူရ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၇၄၀၈၂၂၁၆ | ဦး |
| သေဆုံးသူ | ၅၃၆၃၈၃၆ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၄၆၀၆၇၀၉၂ | ဦး |

## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁ ဒသမ ၅ သန်းကျော်ရှိလာ

**ဟနွိုင်း ဒီဇင်ဘာ ၁၈**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၈၉၅ ဦး ထပ်မံတွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**၁၅၈၈၃ ဦးမှာ ပြည်တွင်းကူးစက်ခံရ**

ယခု ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၁၅၈၈၃ ဦးမှာ ပြည်တွင်း၌ ရောဂါကူးစက်ခံရသူများဖြစ်ပြီး ၁၂ ဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရသည်။ နိုင်ငံတောင်ပိုင်းဒေသများ၌ လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများကို တွေ့ရှိခဲ့ရာ ကာမော ပြည်နယ်၌ ၁၃၄၁ ဦး၊ ဟိုချီမင်းစီးတီး၌ ၁၀၁၉ ဦးနှင့် တေနင်ပြည်နယ်၌ ၉၄၁ ဦး အသီးသီးတွေ့ရှိခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၂၄၃၆၈ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူ ၁၀၉၇၁၆၃ ဦးရှိကြောင်း သိရသည်။

နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၃၇ ဒသမ ၆ သန်းအား ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**



# တန့်ဆည်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်၍ နေအိမ် လေးလုံးအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား လေးဦး၊ အမျိုးသမီး ငါးဦးနှင့် ကိုရင် တစ်ပါးသေဆုံး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်၍ နေအိမ် လေးလုံးအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသား ငါးဦးနှင့် အမျိုးသမီး ငါးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၇ ရက် နံနက် ၂ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် သာကေတကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အင်အား (စိစစ်ဆဲ)က ကျေးရွာအတွင်း ဝင်ရောက်လာပြီး သေနတ်ဖြင့် ကျေးရွာနေပြည်သူအချို့အား ပစ်ခတ်သတ်ဖြတ်၍ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့၏ မီးရှို့ဖျက်ဆီးမှုကြောင့် အဆိုပါ ကျေးရွာနေသူများဖြစ်သည့် ဦးကျော်ရှင်၏ အုတ်တိုက် နှစ်ထပ်နေအိမ် တစ်လုံး၊ 7N/8644 FORLAND မော်တော်ယာဉ် တစ်စီး၊ ငါးမူးသားဆွဲကြိုး တစ်ကုံး၊ ငွေကျပ်ငါးသိန်း၊ စပါးတင်း ၃၀၀ ခန့်၊ တစ်ရွာတည်းနေ ကိုမိုးမင်း၏ သွပ်မိုးထရံကာ နှစ်ထပ်နေအိမ် တစ်လုံး၊ ဒေါ်ခင်ဌေး(၆၅)နှစ် (ဘ)ဦးဘသိန်း၏ သွပ်မိုး၊ ထရံကာ နှစ်ထပ် နေအိမ်တစ်လုံးတို့ မီးလောင်ပျက်စီးခဲ့သည်။





**အခင်းဖြစ်နေရာ၌ သေဆုံး**

ထိုသို့ အကြမ်းဖက်မီးရှို့ပစ်ခတ်သတ်ဖြတ်မှုကြောင့် ဒေါ်ခင်ဌေးနှင့် ၎င်း၏မိသားစုဝင်များဖြစ်သည့် သမီးဖြစ်သူ ဒေါ်မိကြွယ်(၄၅)နှစ် (ဘ)ဦးချစ်ပြား၊ သားမက်ဖြစ်သူ ဦးဖိုးဇော်(ခ)သူရဇော် (ဘ)ဦးစိုးတင့်၊ မြေးဖြစ်သူ ခိုင်ထူး(၂၀)နှစ်၊ မခိုင်နွယ်ထွန်း(၁၅)နှစ်နှင့် မောင်အာဇာနည်(၁၀)နှစ် (ကိုရင်ဝတ်)နှင့် ကိုမိုးဝင်းနှင့် ၎င်း၏မိသားစုဝင်များဖြစ်သည့် မိခင်ဖြစ်သူ ဒေါ်ညိုသေး(၆၀)နှစ် (ဘ)ဦးမောင်ဟန်၊ ဇနီးဖြစ်သူ မစန္ဒာ(၃၂)နှစ်(ဘ)ဦးညိုမောင်၊ သားဖြစ်သူ မောင်မိုးဇက်(၁၄)နှစ်တို့ သေနတ်ထိမှန်ဒဏ်ရာ၊ မီးလောင်ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး အခင်းဖြစ်စဉ်အတွင်း ကိုမိုးမင်းနှင့် ဦးကျော်ရှင်တို့မှာ အသက်အန္တရာယ်ဘေးမှ ထွက်ပြေးလွတ်မြောက်ခဲ့သည်။

ထိုကဲ့သို့ ကျေးရွာနေပြည်သူများအား အကြောက်တရားများ လွှမ်းမိုးစေရန်၊ ၎င်းတို့၏ အကြမ်းဖက်မှုလုပ်ရပ်များအပေါ် ပူးပေါင်းပါဝင်လာစေရန်နှင့် ပူးပေါင်းပါဝင်မှုမရှိဘဲ အေးချမ်းစွာ နေထိုင်လျက်ရှိသော ကျေးရွာနေပြည်သူများအား အကြောင်းအမျိုးမျိုးပြ၍ ရက်စက်စွာသတ်ဖြတ်၊ မီးရှို့ခြင်းများ ကျူးလွန်သည့်အပြင် ယခုကဲ့သို့ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည့် ကျောင်းနေအရွယ်နှင့် ကိုရင်ဝတ်ကလေးသူငယ်များ ပါမကျန် ရက်စက်စွာသတ်ဖြတ်မှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တန့်ဆည်မြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲမှုပြုလုပ်ရန် လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် အကြမ်းဖက်သူ အမျိုးသား နှစ်ဦး သေဆုံး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲမှုပြုလုပ်ရန် လက်လုပ်မိုင်း ထောင်နေစဉ် ပေါက်ကွဲမှု ဖြစ်ပွားခဲ့သဖြင့် အကြမ်းဖက်သူ အမျိုးသား နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၇ ရက် နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် တန့်ဆည်-ကာဘိုး သွားကားလမ်း ကာဘိုးကျေးရွာအထွက် တန့်ဆည်မြို့အဝင်ဆိုင်းဘုတ်အနီး၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အခင်းဖြစ်နေရာတွင် အသက်(၂၃)နှစ်ခန့်ရှိ အမျိုးသား တစ်ဦး(စိစစ်ဆဲ)တွင် မျက်နှာပွင့်ထွက်ဒဏ်ရာ၊ ယာပေါင်ကြေမွပြတ်ထွက်ဒဏ်ရာနှင့် အသက်(၂၁)နှစ်ခန့်ရှိ အမျိုးသား တစ်ဦး (စိစစ်ဆဲ)တွင် ယာဘက်တံတောင် ပြတ်ထွက်ဒဏ်ရာ၊ ဝဲဘက်နားရွက်အောက် ဖောက်ဝင်ဒဏ်ရာတို့ ရရှိကာ သေဆုံးနေသည်ကို တွေ့ရှိရပြီး ဖြစ်စဉ်အား စိစစ်ခဲ့ရာ ဗိုလ်မြရပ်ကွက်နေ မျိုးမြတ်နိုင် (၂၁)နှစ် (ဘ)ဦးကြည်ဆန်းနှင့် အမျိုးသား တစ်ဦး (စိစစ်ဆဲ)တို့သည် အကြမ်းဖက်ဖောက်ခွဲမှုပြုလုပ်ရန်အတွက် လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် မိုင်းစထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ သေဆုံးသူ နှစ်ဦးအား ဥပဒေနှင့်အညီ သေမှုသေခင်း ရေးဖွင့်ဆောင်ရွက်လျက်ရှိပြီး အခင်းဖြစ်နေရာ အနီးဝန်းကျင်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အမျိုးသားနှစ်ဦး(စိစစ်ဆဲ) သေဆုံး

✻ ကျောဖုံးမှ

**ဖြိုးမောင်မောင် (ခ)ဖြိုးကြီး**(၃၂)နှစ်(သေဆုံး)နှင့် ၎င်း၏ရည်းစားဖြစ်သူ **စန္ဒာ**(၁၇)နှစ်တို့ **လေးဦး**ကို M–16 တစ်လက်၊ M–22 တစ်လက်၊ ပစ္စတို တစ်လက်၊ M–16 ကျည်အိမ် နှစ်ခု၊ M–22 ကျည်အိမ် တစ်ခု၊ SIG SAUER ပစ္စတိုကျည်အိမ် နှစ်ခု၊ ၇.၆၂ ကျည် ၂၅ တောင့်၊ ၅.၅၆ ကျည် အတောင့် ၅၀၊ ၉ မမကျည် ၂၀ တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**ထပ်မံဖမ်းဆီးရမိ**

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများတွင် အသုံးပြုသည့် ဖောက်ခွဲရေးပစ္စည်းများ သိုဝှက်သိမ်းဆည်းပေးထားသော သန်လျင်မြို့နယ် လဟာရက်ကျေးရွာနေ ဆက်စပ်တရားခံ **တင်ထွန်းခိုင်**(၄၁)နှစ်ကို ပိုတက်ဆီယမ်ကာဗွန်နိတ် ၁၃ ထုပ်၊ ဆီလီကွန်ပုံစံခွက် ၁၀ ခု၊ Sulphuric Acid တစ်ဘူး၊ သံဘောစွေ့ သုံးဘူး၊ သံဖောက်စက် တစ်ခု၊ ဆီလီကွန်မှုန့် ၁၀ ပိဿာခန့်၊ အက်စစ်အရည်ပုံး တစ်ပုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင်ဖမ်းဆီးရမိတရားခံ ကျား လေးဦး၊ မ တစ်ဦး **ပေါင်း ငါးဦး** တို့ကို M–16 တစ်လက်၊ M–22 တစ်လက်၊ ပစ္စတို တစ်လက်၊ ကျည်အိမ်မျိုးစုံ ငါးခု၊ ကျည်မျိုးစုံ ၉၅ တောင့်၊ ဖောက်ခွဲရေးပစ္စည်းများတွင်အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **သန့်ဇော်အောင်(ခ) စိုးလေး**နှင့် **ဖြိုးမောင်မောင်(ခ)ဖြိုးကြီး**သည် ဇူလိုင်လတွင် KNLA တပ်မဟာ(၆)နယ်မြေ လေးကေ့ကော်မှ ရင်းမှူးအဆင့်ရှိ **ရန်နိုင်** ဖွင့်လှစ်သော အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းအားလည်းကောင်း၊ **ရဲမင်းဖြိုး(ခ)ကိုဖြိုး**သည် ဩဂုတ်လတွင် ကယားပြည်နယ် ရှမ်းစုကျေးရွာအနီး၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းကို လည်းကောင်း တက်ရောက်ထားသူများဖြစ်ကြောင်းနှင့် သိမ်းဆည်းရမိ လက်နက်ခဲယမ်းများမှာ **ဖြိုးမောင်မောင်(ခ)ဖြိုးကြီး**မှ အကြမ်းဖက်လုပ်ငန်းများတွင် အသုံးပြုရန် KNLA တပ်မဟာ(၆)နယ်မြေမှ ချိတ်ဆက်မှာယူခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

**လုပ်ကြံသတ်ဖြတ်မှု လေးကြိမ်**

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှုအနေဖြင့် လေးကြိမ်၊ ဖောက်ခွဲဖျက်ဆီးမှုအနေဖြင့် နှစ်ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး ကျူးလွန်ခဲ့မှုများအနေဖြင့် စက်တင်ဘာ ၂၉ ရက်တွင် တရားခံ **ဖြိုးမောင်မောင်(ခ) ဖြိုးကြီး**သည် သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာရှိ အပြစ်မဲ့ပြည်သူ တစ်ဦးကို လက်နက်ငယ်ဖြင့် လည်းကောင်း၊

နိုဝင်ဘာ ၁ ရက်တွင် တရားခံ **ဖြိုးမောင်မောင်(ခ)ဖြိုးကြီး**သည် ဖမ်းဆီးရန်ကျန် တရားခံ **ဖိုးကုလား၊ အာနိုး၊ နွတ်ခမ်းမွှေး**တို့နှင့်အတူ သန်လျင်မြို့နယ် ထန်းပင်ကုန်းရပ်ကွက်နေ အပြစ်မဲ့ပြည်သူများကို လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ရာ အမျိုးသား တစ်ဦး သေဆုံးခဲ့ပြီး အမျိုးသမီး တစ်ဦး စိုးရိမ်ရဒဏ်ရာရရှိခဲ့ကြောင်း၊

နိုဝင်ဘာ ၁၈ ရက်နှင့် ၃၀ ရက်တို့တွင် တရားခံ **ဖြိုးမောင်မောင်(ခ) ဖြိုးကြီး**သည် ဖမ်းဆီးရန်ကျန် တရားခံ **မျိုးမင်းဦး၊ ရဲဇော်နိုင်၊ ကောင်လေး**တို့နှင့်အတူ သန်လျင်မြို့နယ် မြို့ဟောင်းအနောက်ရပ်ကွက်နေ အပြစ်မဲ့ပြည်သူ နှစ်ဦးကို လက်နက်ငယ်ဖြင့် လည်းကောင်း၊

ဒီဇင်ဘာ ၉ ရက်တွင် တရားခံ **ဖြိုးမောင်မောင်(ခ)ဖြိုးကြီး**သည် ဖမ်းဆီးရန်ကျန် တရားခံ **ဖိုးကုလား**နှင့်အတူ သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာနေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။ **စာမျက်နှာ ၁၆ သို့ »»»**





နိုဝင်ဘာ ၁ ရက်တွင် သန်လျင်မြို့နယ် ထန်းပင်ကုန်းရပ်ကွက်နေ အပြစ်မဲ့ပြည်သူများအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



စက်တင်ဘာ ၂၉ ရက်တွင် သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ၌ အပြစ်မဲ့ ပြည်သူတစ်ဦးအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နိုဝင်ဘာ ၁၈ ရက်တွင် သန်လျင်မြို့နယ် မြို့ဟောင်းအနောက်ရပ်ကွက်နေ အပြစ်မဲ့ပြည်သူတစ်ဦးအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နိုဝင်ဘာ ၃၀ ရက်တွင် သန်လျင်မြို့နယ် မြို့ဟောင်းအနောက်ရပ်ကွက်နေ အပြစ်မဲ့ပြည်သူတစ်ဦးအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




ဒီဇင်ဘာ ၉ ရက်တွင် သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာနေ အပြစ်မဲ့ပြည်သူတစ်ဦးအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အောက်တိုဘာ ၁၃ ရက်တွင် တောင်ဥက္ကလာပမြို့နယ် ပါရမီ မီးပွိုင့်ရှိ CCTV Control Box အား လက်လုပ်ဗုံးဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



သန်လျင်မြို့နယ် လဟာရက်ကျေးရွာအပြင်ဘက် တရားခံတင်ထွန်းခိုင်၏ တဲအတွင်းမှ သိမ်းဆည်းရမိသည့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၈-၁၂-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Anti-inflammatory | | | | |
| 1 | Injection- Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 2 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 3 | Injection - Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 4 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 5 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 6 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 7 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 8 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 9 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 10 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။
စာတည်း




သန့်ဇော်အောင်(ခ)စိုးလေး


ရဲမင်းဖြိုး(ခ)ကိုဖြိုး


စန္ဒာ


တင်ထွန်းခိုင်


ဖြိုးမောင်မောင်(ခ)ဖြိုးကြီး(သေဆုံး)

»»» စာမျက်နှာ ၁၅ မှ

အောက်တိုဘာ ၁၃ ရက်တွင် တရားခံ **သန့်ဇော်အောင်(ခ)စိုးလေး**သည် ဖမ်းဆီးရန်ကျန် တရားခံ **ကိုဂျိတ်(ခ)ဇေယျာ၊ ဟိန်းကိုဦး**တို့နှင့်အတူ တောင်ဥက္ကလာပမြို့နယ် ပါရမီမီးပွိုင့်ရှိ CCTV Control Box အား လက်လုပ်ဗုံးဖြင့် လည်းကောင်း၊

အောက်တိုဘာ ၁၈ ရက်တွင် တရားခံ **ရဲမင်းဖြိုး(ခ)ကိုဖြိုး**နှင့် **သန့်ဇော်အောင် (ခ)စိုးလေး**တို့သည် ဖမ်းဆီးရန်ကျန် တရားခံ **ကိုဂျိတ်(ခ)ဇေယျာ၊ ဟိန်းကိုဦး**တို့နှင့်အတူ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီမီးပွိုင့်လမ်းထောင့်ရှိ CCTV Control Box ကို လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါဖမ်းဆီးရမိသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် အသိပေးသတင်းထုတ်ပြန်ထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **သတင်းစဉ်**





အောက်တိုဘာ ၁၈ ရက်တွင် ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့် မီးပွိုင့်ရှိ CCTV Control Box ကို လက်လုပ်ဗုံးဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# ဇာတိမာန် စာဆိုပညာရှင် ဆရာကြီးတက္ကသိုလ်တင်ခ

ဇလတ္တာ (စာပေဗိမာန်)

နိုင်ငံတော်အစိုးရသည် မိမိဘဝတစ်သက်တာ တစ်လျှောက် မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းနှင့် စာပေရေးသားပြုစုခြင်း၊ စာပေသုတေသနပြုခြင်း လုပ်ငန်းများကိုတစိုက်မတ်မတ်လုံ့လပြုဆောင်ရွက်ခဲ့သည့် စာပေပညာရှင်ကြီးများကို "အမျိုးသား စာပေတစ်သက်တာဆု" အဖြစ် ၂၀၀၁ ခုနှစ်မှ စတင်လျက် ချီးမြှင့်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကျင်းပခဲ့သည့် ၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆုနှင်းသဘင် အခမ်းအနားတွင် အမျိုးသားစာပေတစ်သက်တာဆု အဖြစ် စာရေးဆရာကြီး နှစ်ဦးနှင့် စာရေးဆရာမကြီး တစ်ဦး စုစုပေါင်း သုံးဦးကို ချီးမြှင့်ခဲ့သဖြင့် ယခုအခါ အမျိုးသားစာပေတစ်သက်တာဆုရ ပညာရှင် စုစုပေါင်း (၃၄) ဦး ရှိခဲ့ပြီ ဖြစ်သည်။

၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင်းသဘင်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျင်းပခဲ့ရာ ယင်းအခမ်းအနားတွင် ဆရာကြီး ဦးဝင်းမွန် (တက္ကသိုလ်ဝင်းမွန်)နှင့် ဆရာကြီးဦးတင်ခ (တက္ကသိုလ်တင်ခ)တို့ ဆုချီးမြှင့်ခံကြရသည်။ ဆရာကြီးနှစ်ဦးစလုံးမှာ တိုင်းပြည်နှင့် လူမျိုး အကျိုးအတွက် အပတ်တကုတ် ကြိုးစားအားထုတ်၍ ပြည်သူများ၏ အတွေးအခေါ်၊ အသိအမြင် ဖွံ့ဖြိုး



အမျိုးသားစာပေတစ်သက်တာဆုရှင်
ဆရာကြီး ဦးတင်ခ

ဖြစ်သည့် အမျိုးသားစာပေတစ်သက်တာဆု၊ ၂၀၁၈ ခုနှစ်တွင် သုတစွယ်စုံစာပေတစ်သက်တာဆုတို့ကို ချီးမြှင့်ခံခဲ့ရခြင်းဖြစ်သည်။

ဆရာကြီး တက္ကသိုလ်တင်ခကို ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီလ ၂၇ ရက် စနေနေ့တွင် သထုံခရိုင် သိမ်ဆိပ်မြို့နယ် ကတိုက်ကလေးကျေးရွာ၌ အဘ

ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃၁) သို့ တက်ရောက်ခဲ့သည်။ ၁၉၆၅-၆၉ ခုနှစ်အတွင်း အမှတ် (၉၇) ခြေလျင်တပ်ရင်း၌ တပ်စုမှူး၊ တပ်ခွဲမှူးတာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၆၉ ခုနှစ် ဇွန်လတွင် စစ်တက္ကသိုလ်သို့ ပြောင်းရွှေ့ရောက်ရှိပြီး နည်းပြ၊ လက်ထောက်ကထိက၊ ကထိက၊ ပါမောက္ခ၊ လက်ထောက်စာပေညွှန်ကြားရေးမှူး တာဝန်တို့ကို အဆင့်ဆင့်ထမ်းဆောင်ခဲ့သည်။

၁၉၇၈ ခုနှစ်တွင် မဟာဝိဇ္ဇာ (မြန်မာစာ) ဘွဲ့ကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ဘွဲ့ယူစာတမ်းအဖြစ် "ကုန်းဘောင်ခေတ် သုတစကားပြေကျမ်းများ လေ့လာချက်" စာတမ်း တင်သွင်းခဲ့သည်။ ရှုမဝ၊ မြဝတီ၊ ငွေတာရီ၊ စန္ဒာ၊ သောင်းပြောင်းထွေလာမဂ္ဂဇင်း၊ လုပ်သားပြည်သူ့နေ့စဉ်၊ မြန်မာ့အလင်း၊ ကြေးမုံ သတင်းစာတို့တွင် ကဗျာ၊ ဆောင်းပါးများစွာ ရေးသားခဲ့သည်။

၁၉၈၃-၁၉၉၄ ခုနှစ်များ၌ လုပ်သားပြည်သူ့နေ့စဉ် (ယခု မြန်မာ့အလင်း)၊ စာပေနှင့် အနုပညာကဏ္ဍတွင် မြန်မာစာပေမှ ရှာဖွေတွေ့ရှိချက်များနှင့် အခြား စာပေအနုပညာဆိုင်ရာ သုတရေးရာများကို စဉ်ဆက်မပြတ် ရေးသားခဲ့သည်။

၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပြန်ကြားရေး

### စာအုပ်ပေါင်း ၁၂ အုပ် ရေးသားပြုစု

ဆရာကြီးသည် "ချီလေတဲ့ချီလေ၊ အာဆီယံနှင့် မြန်မာ (မြန်မာ-အင်္ဂလိပ်)၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ အောင်ပွဲများ (ပ+ဒု) တွဲ၊ အံ့ဖွယ် မြန်မာနိုင်ငံနှင့် အခြားဆောင်းပါးများ၊ ချီလေတဲ့ ချီလေမှ ညီစေတဲ့ညီစေသို့ (မြန်မာ-အင်္ဂလိပ်)၊ မြန်မာစာမြန်မာမှုကို ပြုစုပျိုးထောင် ခေါင်းဆောင်ခဲ့သူများ၊ မြန်မာ့ဇာတိမာန် အဘိဓာန်၊ အလောင်းမင်းတရား" စသည့် စာအုပ်များအပါအဝင် စာအုပ်ပေါင်း ၁၂ အုပ် ရေးသားပြုစုခဲ့သည်။

နိုင်ငံအသီးသီးတွင် ဝေါဟာရအဘိဓာန်၊ ပညာရပ်အဘိဓာန်၊ ဘာသာရပ်အဘိဓာန်၊ အကြောင်းရပ်အဘိဓာန် စသည်ဖြင့်အဘိဓာန် အမျိုးမျိုး ပြုစုခဲ့ကြသည်။ ယင်းအဘိဓာန်များ အတွင်း၌ ထူးခြားရှားပါးသည့် "မြန်မာ့ဇာတိမာန် အဘိဓာန်" စာအုပ်ကို ဆရာကြီးက ပြုစုခဲ့သည်။ ဆရာကြီး စစ်တက္ကသိုလ်တွင် လက်ထောက်စာပေညွှန်ကြားရေးမှူးတာဝန်ယူစဉ် ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်ပြည်ထောင်စုနေ့အထူးထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ (ယခု မြန်မာ့အလင်း)တွင် "မြန်မာဟူသော ဝေါဟာရကို မြန်မာစာပေမှ လေ့လာတွေ့ရှိချက်များ" ဆောင်းပါးကို













တိုးတက်စေရန်နှင့် ဗဟုသုတပွားများစေရန် မိမိကျွမ်းကျင်ရာ နယ်ပယ်အလိုက် သုတ၊ ရသ ဆိုင်ရာ စာအုပ်စာတမ်းများစွာကို ရေးသားပြုစုခဲ့သူများ ဖြစ်သည်။

### စစ်သည် စာဆိုတစ်ဦး

ဆရာကြီး တက္ကသိုလ်တင်ခမှာ စစ်သည် စာဆိုတစ်ဦးဖြစ်ပြီး မြန်မာစာ၊ မြန်မာမှု၊ မြန်မာ့ အနုပညာ ထိန်းသိမ်းပြန့်ပွားရေးတာဝန်များကို တစ်တပ်တစ်အား ပါဝင်ခဲ့သူဖြစ်သည်။ အထူးသဖြင့် မျိုးချစ်စိတ်ထက်သန်ရေးနှင့် တိုင်းကျိုးပြည်ပြု စာပေများစွာကို ရေးသားခဲ့သည့် ဇာတိမာန် စာဆိုကြီးဟုလည်း ခေါ်ဆိုနိုင်ပါသည်။ ထို့အပြင် ဆရာကြီးသည် မြန်မာစာပေဖွံ့ဖြိုးရေးဆိုင်ရာ အသင်းအဖွဲ့များတွင် နှစ်ပေါင်းများစွာ ဦးဆောင်တာဝန်ယူ ဆောင်ရွက်ခဲ့သူဖြစ်သည်။ ဤသို့ ရေးသားဆောင်ရွက်မှုများကြောင့်ပင် ဆရာကြီး တက္ကသိုလ်တင်ခသည် ၂၀၁၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာဆု၊ ၂၀၁၅ ခုနှစ်အတွက် ထွန်းဖောင်ဒေးရှင်း စာပေတစ်သက်တာဆု၊ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အဆင့်မြင့်ဆုံးစာပေဆု

ဦးချစ်ကျော်၊ အမိ ဒေါ်သန်းရင်တို့က မွေးဖွားခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ရန်ကုန်မြို့ တာမွေအစိုးရ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ၁၉၅၇ ခုနှစ် ဧပြီလ သင်္ကြန်အထူးထုတ် မြန်မာ့အလင်းသတင်းစာတွင် "ပွဲသဘင်မန္တလေးချင် ဘဝင်နွမ်းတာပ" လေးချိုးကဗျာကို တက္ကသိုလ်မောင်တင်ခ ကလောင်အမည်ဖြင့် ပထမဆုံးအကြိမ် ရေးသားခဲ့သည်။ ၁၉၅၉ ခုနှစ် "သက်လျာ" မဂ္ဂဇင်း ကဗျာပြိုင်ပွဲတွင် "ပညာ" လေးလုံးစပ်လင်္ကာကို တက္ကသိုလ်တင်ခအမည်ဖြင့် ဒုတိယဆုရရှိကာ ပုံနှိပ်ဖော်ပြခံရသည်။ မြန်မာ့အလင်း၊ ဟံသာဝတီ သတင်းစာတို့တွင် ကဗျာ၊ ဆောင်းပါးများစွာရေးသားခဲ့သည်။

### တာဝန်တို့ကို အဆင့်ဆင့်ထမ်းဆောင်

၁၉၆၀ ပြည့်နှစ်တွင် ဝိဇ္ဇာအထွေထွေဂုဏ်ထူး (မြန်မာစာ) ဘွဲ့ကိုရရှိသည်။ ၁၉၆၀-၁၉၆၁ ခုနှစ် ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာနည်းပြအဖြစ်လည်းကောင်း၊ အောင်ဆန်းသူရိယလှသောင်းကျောင်းတွင် ၁၉၆၁-၁၉၆၄ အထိ အထက်တန်းနည်းပြဆရာအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်

ဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခဲ့ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတာဝန်ကို ၂၀၀၄ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။

### ကဗျာ၊ ဆောင်းပါးများ ရေးသားပြုစု

မြန်မာ့အလင်း၊ ကြေးမုံ၊ နယူးလိုက်အော့ဖ် မြန်မာသတင်းစာများ၊ နိုင်ငံတကာသတင်းဂျာနယ်၊ ရွှေမောင်းသံဂျာနယ်၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းနှင့် အခြားဂျာနယ်၊ မဂ္ဂဇင်းတို့တွင် ကဗျာ၊ ဆောင်းပါးများ ရေးသားပြုစုခဲ့သည်။

ပြင်ဦးလွင်မြို့နယ် စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) နှင့် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းတွင် နာယက၊ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ ဦးစီးဌာနတွင် အချိန်ပြည့်မြန်မာစာအဖွဲ့ဝင်၊ ပုဂ္ဂလိက စာပေဆုများတွင် ဆုရွေးချယ်ရေးအဖွဲ့ဝင်နှင့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ စသည့်တာဝန်များကို ထမ်းဆောင်ခဲ့သည်။

စီမံထူးချွန် ပထမဆင့်၊ ဝိဇ္ဇာထူးချွန် ဒုတိယဆင့်များ ချီးမြှင့်ခံရသည်။

စတင်ရေးသားခဲ့ပြီး ထိုမှစာပေယဉ်ကျေးမှုအနုပညာ ရေးရာများကို စဉ်ဆက်မပြတ် ရေးသားခဲ့သည်။ ယင်းဆောင်းပါးများကို စုစည်းပြီး "မြန်မာ့ဇာတိမာန် အဘိဓာန်"စာအုပ်ကို ထုတ်ဝေခဲ့ရာ ၁၉၉၃ ခုနှစ်အတွက် အမျိုးသားစာပေ (သုတပဒေသာဝိဇ္ဇာ) ဆုကို ချီးမြှင့်ခံခဲ့ရပါသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီ၏ ဆုရမှတ်ချက်တွင် "တက္ကသိုလ်တင်ခ၏ မြန်မာ့ဇာတိမာန် အဘိဓာန်သည် ကျောင်းသားလူငယ်မှစ၍ သက်ကြီးဝါရင့်ပညာရှင်ကြီးများအထိ လက်မလွှတ်ဘဲ အားကိုးအားထားပြုရသည့် ရည်ညွှန်းကျမ်းတစ်ခုဖြစ်ကြောင်း တွေ့ရသည်။ ... "မြန်မာ" နှင့် အစချီ၍ "လွတ်လပ်ရေး" နှင့် အဆုံးသတ်ထားသော ဝေါဟာရ (၃၄) လုံး တင်ပြထားသည်။ အမျိုးသားရေးရာ ဇာတိမာန်သဘောဆောင်သော ဝေါဟာရများ၊ ယဉ်ကျေးမှု ဇာတိမာန်သဘောဆောင်သော ဝေါဟာရများ၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်နှင့်ယှဉ်၍ ဇာတိမာန်သဘောဆောင်သော ဝေါဟာရများ ဖြစ်ကြသည်။

စာမျက်နှာ ၁၈ သို့ ■

# သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျန်းမာရေးလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**သာယာဝတီ ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက သာယာဝတီမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းသို့ရောက်ရှိပြီး ကျောင်းပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်ထားရှိမှုအခြေအနေ၊ စာသင်နှစ်အလိုက် သင်ကြားပြသမည့်စာအုပ်များနှင့် မြေအသုံးချရေးဓာတ်ခွဲခန်းတွင် မြေဆီလွှာဓာတ်ခွဲ လုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



### ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းလှမြို့နယ် အုတ်တွင်းကျေးရွာအနီးကွင်းအမှတ်(၉၃၂)၌ ဆည်ရေသောက်စနစ်ဖြင့် နွေစပါးစိုက်ပျိုးမည့် လယ်မြေ ၁၀ ဧကပေါ်တွင် စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ခေတ်မီလယ်ယာသုံးစက်များဖြင့် မျိုးစေ့ချခြင်း၊ စုပေါင်းနွေစပါးထွန်ယက်စိုက်ပျိုးခြင်းကို ကြည့်ရှုစစ်ဆေးပြီး ရွှေဝါမြိုင်စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်း၌ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးရန် ပျိုးဗန်းများပြုလုပ်နေမှုနှင့် ပျိုးဗန်းများပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုပြီး တောင်သူများအား ဓာတ်မြေဩဇာအိတ် ၁၅၀ ထောက်ပံ့ပေးသည်။

### လိုအပ်သည်များမှာကြား

ယင်းနောက်မိုးညိုမြို့နယ်ကျေးလက်လမ်းဦးစီးဌာနမှ ဆောက်လုပ်နေသည့် မိုးညိုမြို့နယ် အိုးဘိုကျေးရွာနှင့် ဘုရားကြီးကုန်းကျေးရွာ ဆက်သွယ်သည့် ဘုရားဖြူချောင်းကူး ကွန်ကရစ်တံတား တည်ဆောက်နေမှုကိုလည်းကောင်း၊ လက်ပံတန်း- မိုးညို- နတ်တလင်းလမ်း အဆင့်မြှင့်တင်တိုးချဲ့ဆောင်ရွက်နေမှုကို လည်းကောင်း၊ နတ်တလင်းမြို့နယ် တာပွန်မြို့ တိုက်နယ်ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ နတ်တလင်း - တာပွန်ကားလမ်း ကတ္တရာခင်းရန် ဆောင်ရွက်နေမှုကို လည်းကောင်း၊ နတ်တလင်းမြို့နယ် ပြည်သူ့ဆေးရုံသစ် ဆောက်လုပ်မည့်မြေနေရာသို့ လည်းကောင်း၊ ပြည်မြို့ ခေတ္တရာ ညဈေး ကိုဗစ်-၁၉ ရောဂါ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

---

■ စာမျက်နှာ ၁၇ မှ

တစ်နည်းအားဖြင့် မြန်မာ့ဇာတိမာန်သဘောဆောင်သော အကြောင်းရပ် (၃၄) မျိုးကို အကိုးအထောက် စုံစုံလင်လင်ဖြင့် အရင်းအမြစ်အခိပ္ပာယ်မှအစ ဖွင့်ဆိုရေးသားထားသော ဆောင်းပါးများကို စုစည်းတင်ပြထားခြင်း ဖြစ်သည်။ ပြည့်စုံသည်ဟု မဆိုသာသော်လည်း မြန်မာ့ဇာတိမာန်ဆိုင်ရာ အကြောင်းရပ်များကို အလွယ်တကူ ထုတ်နုတ်အသုံးပြုနိုင်စေရန် ကြိုးစားအားထုတ်ထားကြောင်း တွေ့ရသဖြင့် ဆုချီးမြှင့်ရန် ထောက်ခံပါသည်”ဟူ၍ ဖော်ပြထားပါသည်။

## ဆရာကြီးသည် စစ်သည်စာဆို၊ ဇာတိမာန်စာဆိုအဖြစ် နှစ်ကာလကြာမြင့်စွာ မြန်မာစာပေ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး နိုင်ငံအကျိုးပြုစာပေများစွာကို အစဉ်တစိုက်ရေးသားခဲ့သူဖြစ်သဖြင့် အမျိုးသားစာပေတစ်သက်တာဆုကို ထိုက်တန်စွာ ချီးမြှင့်ခံခဲ့ရ

### လေ့လာနေသူများအတွက် အကျိုးရှိလှသည့်စာအုပ်

ဆရာကြီး၏လက်ရာများအနက် မြန်မာစာပေဆိုင်ရာ စာအုပ်တစ်အုပ်မှာ “မြန်မာစာပေမှ ရှာဖွေလေ့လာတွေ့ရှိချက်များ (၂၀၁၅)” စာအုပ်ဖြစ်သည်။ ဆောင်းပါး စုစုပေါင်း ၂၈ ပုဒ်ပါရှိပြီး မြန်မာဘာသာအဘိဓာန်၊ ပထမမြန်မာစာ စာနယ်ဇင်း၊ ရတနာပုံနေပြည်တော်သတင်းစာ၊ ရှုမဝ၊ ငွေတာရီ၊ မြဝတီ စသည့်စာနယ်ဇင်းများနှင့် မဂ္ဂဇင်းများအကြောင်း၊ မြန်မာဇာတိမာန် အဘိဓာန် ဆရာဦးမောင်မောင်တင်၊ ဆရာဦးဘိုးသုန်၊ ဆရာဇေယျ၊ ဆရာမြကေတု စသူတို့၏အကြောင်း၊ ရေးဖော်ရေးဖက် လုပ်ဖော်ကိုင်ဖက်များဖြစ်သည့် ဆရာကြီးဗိုလ်ကလေးတင့်အောင်၊ အကယ်ဒမီဝင်းဦး၊ ဂီတလုလင်မောင်ကိုကို၊ ဆရာမောင်ဆုရှင်၊ ဆရာညွန့်ဝေ (ကသာ) တို့၏ အကြောင်းများအပြင် မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည့် “စာပေဗိမာန်” ၏ အကြောင်းတို့ကိုလည်း သုတေသနပြု ရေးသားထားပါသည်။ မြန်မာစာပေဆိုင်ရာနှင့် မြန်မာစာပေ မြန်မာမှုကို ပြုစုပျိုးထောင်သူများအကြောင်းကို လေ့လာနေသူများအတွက် အကျိုးရှိလှသည့်စာအုပ် ဖြစ်သည်။

ဆရာကြီး တက္ကသိုလ်တင်ခသည် မြန်မာမှုနယ်ပယ်မှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို စုဆောင်းသုတေသနပြုရေးသားသူ ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တတိယအကြိမ် ပြန်လည်ထူထောင်ခဲ့သော နိုင်ငံ့ခေါင်းဆောင် မင်းကောင်းမင်းမြတ်တစ်ဦးဖြစ်သည့် အလောင်းမင်းတရားကြီး၏အကြောင်းကို သုတေသနပြုရေးသားထားသည့် “အလောင်းမင်းတရား” စာအုပ်မှာ လူငယ်မျိုးဆက်သစ်များအတွက် သမိုင်းဆိုင်ရာ ဗဟုသုတကို ဖြည့်ဆည်းပေးနိုင်သည့်စာအုပ်ဖြစ်သည်။ အလောင်းမင်းတရားကြီး၏ ထူးခြားသော ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံရေးအမြင်၊ စစ်ရေးအမြင်၊ ထူးခြားသောသမိုင်းဂုဏ်ရည်၊ စစ်စည်းကမ်းများ၊ စစ်ရေးစစ်မှု၊ မြို့ပြအုပ်ချုပ်ရေး စသည်တို့ကို ပြည့်စုံစွာ တင်ပြရေးသားထားသည်။ အလောင်းမင်းတရားကြီး၏ ထူးခြားသော မှတ်သားဖွယ်စကားများနှင့် စာဆိုပညာရှင်ကြီးများကို လမ်းညွှန်ပြု၍ နန်းတည်ခလေ့ပျို့၊ စစ်ရေးစစ်ရာပျို့၊ နန်းခလေ့မော်ကွန်းများကို အမြော်အမြင်ကြီးစွာ စီမံဖန်တီးပေးခဲ့ပုံများကိုလည်း ရေးသားတင်ပြထားသဖြင့် မြန်မာ့သမိုင်း အတ္ထုပ္ပတ္တိဆိုင်ရာ မှတ်တမ်းအတွက် တန်ဖိုးထားရမည့် စာအုပ်ဖြစ်သည်။

### ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရေးသားခဲ့

ဆရာကြီးသည် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတာဝန်ဖြင့် သတင်းဆောင်းပါးများကို စဉ်ဆက်မပြတ်ရေးသားခဲ့သူဖြစ်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ဆရာကြီးက နေ့စဉ်သတင်းစာများတွင် မှတ်တမ်းတင်ရေးသားခဲ့သည်။ ၁၉၉၆ ခုနှစ် ဇူလိုင်လမှ ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလအထိ နိုင်ငံတော်က ဆောင်ရွက်ခဲ့သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရေးသားခဲ့သည့် ဆောင်းပါးအပုဒ် ၃၀ ကို စုစည်းလျက် “နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ အောင်ပွဲများ” စာအုပ်ကို ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်အားဖြင့် နိုင်ငံ၏ခေတ်သမိုင်းမှတ်တမ်းကို လေ့လာသိရှိနိုင်ပါသည်။

ဆရာကြီးသည် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေသော နိုင်ငံတကာသတင်းဂျာနယ်တွင် ရေးသားခဲ့သည့် ဆောင်းပါးများအတွင်းမှ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အကြောင်း သိကောင်းစရာဆောင်းပါးများကို စုစည်းဖော်ပြထားသည့်စာအုပ်ဖြစ်သည့် “အာဆီယံနှင့် မြန်မာ” စာအုပ်ကိုလည်း ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်တွင် အာဆီယံအဖွဲ့ဝင် အိမ်နီးချင်းနိုင်ငံများနှင့် မြန်မာနိုင်ငံတို့၏ ဆက်ဆံရေး၊ အာဆီယံနှင့် မြန်မာနိုင်ငံဆက်ဆံရေးတို့ကို စုစည်းတင်ပြထားသဖြင့် အာဆီယံအဖွဲ့အစည်းအကြောင်း၊ အာဆီယံနိုင်ငံများအကြောင်း လေ့လာသူများအတွက် တန်ဖိုးရှိလှသောစာအုပ် ဖြစ်ပါသည်။

ဆရာကြီးသည် မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများကို စိတ်အားထက်သန်စွာ ဆောင်ရွက်သူဖြစ်ပြီး ပြင်ဦးလွင်စစ်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်စဉ်က နှစ်စဉ်စာဆိုတော်ရာသီတွင် ပြင်ဦးလွင်စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ပူးတွဲလျက် စာပေဟောပြောပွဲများ ကျင်းပလေ့ရှိကြောင်း သိရပါသည်။ ရန်ကုန်နှင့် မန္တလေးမြို့မှ စာပေပညာရှင်ကြီးများကို တကူးတက ဖိတ်ကြားကာ လေးစားခင်မင်စွာ၊ ရင်းနှီးပျူငှာစွာ ဧည့်ဝတ်ကျေပွန်ကြောင်း စာနယ်ဇင်းများတွင် ဖတ်ရှုခဲ့ဖူးပါသည်။

ဆရာကြီးသည် စစ်သည်စာဆို၊ ဇာတိမာန်စာဆိုအဖြစ် နှစ်ကာလကြာမြင့်စွာ မြန်မာစာပေ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး နိုင်ငံအကျိုးပြုစာပေများစွာကို အစဉ်တစိုက်ရေးသားခဲ့သူဖြစ်သဖြင့် အမျိုးသားစာပေတစ်သက်တာဆုကို ထိုက်တန်စွာ ချီးမြှင့်ခံခဲ့ရခြင်းကို ဝမ်းမြောက်ဂုဏ်ယူအားကျမိပါသည်။

### အကျိုးပြုစာပေများ ထွန်းကားရေး ဦးတည်ဆောင်ရွက်

ဆရာကြီးသည် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌ၊ ဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်ခဲ့စဉ်က စာရေးဆရာ၊ သတင်းစာဆရာများ၏ ကလောင်စွမ်းရည်တိုးတက်ရေး၊ လူမှုစီးပွား ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို အားကြိုးမာန်တက် ဦးဆောင်ခဲ့သူဖြစ်ပါသည်။ မြန်မာနိုင်ငံ တစ်ဝန်းတွင် စာပေနှင့် စာနယ်ဇင်းအဖွဲ့များ ဖွဲ့စည်းရေး၊ မြန်မာစာပေဖွံ့ဖြိုးရေးအတွက် လက်ရာမြောက်သော ကလောင်ရှင်များ ထွက်ပေါ်ရေး၊ နိုင်ငံနှင့် ပြည်သူအတွက် အကျိုးပြုစာပေများ ထွန်းကားရေးတို့ကို ဦးတည်ဆောင်ရွက်ခဲ့သူ ဖြစ်သည်။

ဆရာကြီးသည် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်ကလည်း လက်ရာကောင်းမွန်၍ အမှန်တကယ် ဆုရသင့်ရထိုက်သည့် စာအုပ်များကို ရွေးချယ်၍ ဆုချီးမြှင့်နိုင်ရန် ဆုရွေးချယ်ရေးအဖွဲ့ဝင်များနှင့် ဆုရွေးချယ်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ခဲ့သူဖြစ်သည်။ မြန်မာစာပေဆိုင်ရာ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးစာပေဆိုင်ရာ၊ ဇာတိမာန်စာပေဆိုင်ရာများကို စဉ်ဆက်မပြတ် သုတေသနပြု လေ့လာနေသူဖြစ်ပြီး ပညာရယူလိုသူ မည်သူ့ကိုမဆို နွေးထွေးစွာလက်ဆင့်ကမ်းမျှဝေပေးလျက်ရှိပါသည်။

ဆရာကြီး တက္ကသိုလ်တင်ခသည် ဇနီး၊ သားသမီးများနှင့်အတူ အမှတ် (၉၀)၊ မင်းလမ်း၊ ဆရာစံ(တောင်) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်လျက် ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့တွင် အချိန်ပြည့်တာဝန် ထမ်းဆောင်လျက် ရှိပါသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် အသက် ၈၂ နှစ်ပြည့်မည့် ဆရာကြီးကို ကျန်းမာအသက်ရှည်စွာ အသက်ရာကျော်တိုင်ပါစေကြောင်း ဂါရဝပြုလျက် ဆုမွန်တောင်းရေးသားအပ်ပါသည်။ ။

**ကိုးကားသည့်စာအုပ်များ**

၁။ ၁၉၉၃ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင်းသဘင် လက်ကမ်းစာအုပ်

၂။ ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင်းသဘင် လက်ကမ်းစာအုပ်

၃။ ဆရာကြီးရေးသားခဲ့သည့် စာအုပ်များ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၂၄ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၁၈-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၆၈၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇၀) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှုရာခိုင်နှုန်းမှာ (၁ ဒသမ ၂၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၈၆,၃၉၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၈,၁၀၁) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၄၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၅,၁၀၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၁၃) ဦး ရှိပါသည်။

- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၁၈-၁၂-၂၀၂၁) ရက်နေ့၊ (၁၇:၀၀) နာရီအထိ နိုင်ငံပေါင်း (၉၄) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကာ အတည်ပြုလူနာ စုစုပေါင်း (၃၄,၈၂၁) ဦး ရှိပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မော်လ်ဒိုက်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင်လည်း ဓာတ်ခွဲအတည်ပြုလူနာများတွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ကမ္ဘာတစ်ဝန်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှု မရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကိုလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၈-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၉၅) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၀) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၁) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၄) ခု | (၁၀) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၇၂) ခု | (၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၉၇) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၄၀) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၂၀၈) ခု | (၁၂၂) ဦး |
| စုစုပေါင်း | (၁၃,၆၈၇) ခု | (၁၇၀) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၁၆၁၀၂၈၁ | ၄၀၄၇၄၃၄၆ | ၈၂၆၇၁၉ |
| ၂။ | အိန္ဒိယ | ၃၄၇၃၃၁၉၄ | ၃၄၁၇၁၄၇၁ | ၄၇၇၁၅၈ |
| ၃။ | ဘရာဇီး | ၂၂၂၀၉၀၂၀ | ၂၁၄၁၄၃၁၈ | ၆၁၇၆၄၇ |
| ၄။ | ဗြိတိန် | ၁၁၁၉၀၃၅၄ | ၉၆၉၇၆၅၉ | ၁၄၇၀၄၈ |
| ၅။ | ရုရှား | ၁၀၁၈၆၈၂၃ | ၈၉၅၂၂၆၆ | ၂၉၆၁၈၀ |
| ၆။ | တူရကီ | ၉၁၃၆၅၆၅ | ၈၇၃၇၁၇၄ | ၈၀၀၅၃ |
| ၇။ | ပြင်သစ် | ၈၅၁၈၈၄၀ | ၇၄၆၇၀၆၇ | ၁၂၁၃၃၃ |
| ၈။ | ဂျာမနီ | ၆၇၅၇၅၉၃ | ၅၇၂၄၁၀၀ | ၁၀၈၆၀၆ |
| ၉။ | အီရန် | ၆၁၆၉၀၁၁ | ၅၉၉၉၈၆၀ | ၁၃၁၀၃၃ |
| ၁၀။ | စပိန် | ၅၄၅၅၅၂၇ | ၄၉၆၈၂၈၇ | ၈၈၇၀၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၆၀၃၈၀ | ၄၁၁၁၄၆၄ | ၁၄၃၉၉၈ |
| ၂။ | ဖိလစ်ပိုင် | ၂၈၃၇၅၅၅ | ၂၇၇၆၉၅၆ | ၅၀၆၇၅ |
| ၃။ | မလေးရှား | ၂၇၁၁၇၆၄ | ၂၆၂၅၄၅ | ၃၁၀၄၄ |
| ၄။ | ထိုင်း | ၂၁၈၈၆၂၉ | ၂၁၂၃၉၆၉ | ၂၁၃၅၃ |
| ၅။ | ဗီယက်နမ် | ၁၅၂၄၃၆၈ | ၁၀၉၇၁၆၃ | ၂၉၃၅၁ |
| ၆။ | မြန်မာ | ၅၂၈၁၀၁ | ၅၀၅၁၀၃ | ၁၉၂၁၃ |
| ၇။ | စင်ကာပူ | ၂၇၅၃၈၄ | ၂၇၀၃၅၃ | ၈၀၉ |
| ၈။ | ကမ္ဘောဒီးယား | ၁၂၀၄၁၀ | ၁၁၆၇၈၂ | ၃၀၀၃ |
| ၉။ | လာအို | ၉၇၅၀၅ | ၈၄၄၆၄ | ၂၆၈ |
| ၁၀။ | ဘရူနိုင်း | ၁၅၃၈၆ | ၁၅၀၈၈ | ၉၈ |

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တင်သွင်းရာ ကုမ္ပဏီ လေးခုမှ ယာဉ်စီးရေ ရှစ်စီးဖြင့် နှာခေါင်းစည်း ၅၆ တန် တင်သွင်းခဲ့သည်။

ဒီဇင်ဘာ ၁ ရက်မှ ၁၈ ရက်အတွင်း ကုမ္ပဏီ ၆၄ ခုမှ ယာဉ်စီးရေ ၁၅၉ စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်ဖြင့် ၂၄၅ တန်၊ အောက်ဆီဂျင် (အိုးခွံ) ၁၂၈၂၆ ခု၊ အောက်ဆီဂျင်ထုတ်သည့်စက် တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၅၁၄ ခု Covid Test Kit ၁၉၅၇ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၅၂၈၀၊ လက်အိတ် ၂၆ တန်နှင့် နှာခေါင်းစည်း ၉၀၈ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

**စုစုပေါင်း ၁၃ စီး**

ဒီဇင်ဘာ ၁ ရက်မှ ၁၈ ရက်အတွင်း ပြည်ပမှတင်သွင်းသည့် အောက်ဆီဂျင်အရည်(Bowser)ယာဉ်စုစုပေါင်း ၁၃ စီးမှာ ရန်ကုန်မြို့သို့ ၁၀ စီး၊ မန္တလေးမြို့သို့ နှစ်စီးနှင့် မုံရွာမြို့သို့ တစ်စီးဖြစ်ပြီး အောက်ဆီဂျင်ထုတ်သည့်စက် တစ်ခုမှာ မန္တလေးမြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ
အထူးဂျာနယ်

ဝတ္ထုတို




ပိုင်ဆု(ပညာရေး)

(၁)

ပိန်းပိတ်အောင် မှောင်နေသောည။ ဓာတ်ခဲအားနည်းနေပြီဖြစ်သော လက်နှိပ်ဓာတ်မီး၏ အလင်းရောင်သည် အရှေ့မှ အရာကိုပင် သဲသဲကွဲကွဲမမြင်ရပေ။ တိတ်ဆိတ်နေသောအချိန်မို့ သူတို့နှစ်ယောက်၏ခြေသံသည်သာ အတိုင်းသားကြားနေရသည်။

"စည်သူ..မင်းပြောတဲ့နေရာကလည်း အခုထိမရောက်သေးဘူးလားကွာ..."

"ရောက်တော့မှာပါ..ပိုင်ကြီးရာ..ခဏပဲစောင့်"

အတန်ငယ်လျှောက်လာပြီးသည်နှင့် သတ်မှတ်ထားသည့်နေရာရောက်ပြီဖြစ်ကြောင်း စည်သူသည် ပိုင်ကြီး၏ ပခုံးအားပုတ်၍ အချက်ပေးလိုက်သည်။ နှစ်ယောက်သား၏ ခြေလှမ်းများသည်လည်း အလိုလိုရပ်တန့်သွားခဲ့ကြသည်။

စည်သူသည် အသင့်ယူလာသော ခြင်းတောင်းကိုကိုင်ပြီး ကန်ထဲသို့ ဖြည်းညင်းစွာဆင်းလိုက်သည်။ ပိုင်ကြီးကတော့ ပတ်ဝန်းကျင်အနေအထားကို မျက်ခြည်မပြတ်အကဲခတ်နေသည်။

သူတို့နှစ်ယောက်သည် ရွာစွန်ရှိ ဦးဖိုးလှ၏ ငါးကန်မှ မွေးမြူရေးငါးများကို ခိုးယူဖမ်းဆီးရန် ရောက်လာကြခြင်းဖြစ်သည်။ အသက်ဆယ့်နှစ်နှစ်ခန့်ပင်ရှိကြသေးသော်လည်း ကျောင်းမနေဘဲ ရွာထဲတွင် ဖြစ်သလိုနေထိုင်စားသောက်နေကြသော လူမိုက်လူပေလေးများဟု သတ်မှတ်ထားခြင်းခံရသူများလည်း ဖြစ်သည်။ နှစ်ယောက်လုံးသည် မိဘမဲ့များဖြစ်ပြီး စည်သူသည် ဦးလေးဖြစ်သူနှင့်အတူနေထိုင်ကာ ပိုင်ကြီးကတော့ အဒေါ်လင်မယားနှင့်အတူနေထိုင်သည်။ အုပ်ထိန်းသူများကလည်း ဆိုဆုံးမခြင်းမရှိဘဲ လွှတ်ထားကြသဖြင့် ဖြစ်ချင်တိုင်းဖြစ်နေကြသော သူငယ်ချင်းနှစ်ယောက်ဖြစ်သည်။

စည်သူသည် ကန်ထဲမှငါးများကို ခြင်းတောင်းဖြင့် အားရပါးရဆယ်ယူရင်း ပြုံးနေခဲ့သည်။ မှောင်မိုက်နေသော ညမို့ သူ၏အပြုံးအား မည်သူမှ မြင်နိုင်မည်မဟုတ်ပေ။ ပိုင်ကြီးကတော့ အမှောင်ထဲမှ ပတ်ဝန်းကျင်ကို အကဲခတ်နေသည်။ ဓာတ်မီးကိုလည်း မဖွင့်ရဲပေ။ ထိုစဉ်မှာပင် ပိုင်ကြီး၏ ပခုံးပေါ်သို့ အေးစက်နေသော လက်တစ်စုံ ရောက်ရှိလာခဲ့သည်။ ထိတ်လန့်စွာအော်ဟစ်ရန်ပြုစဉ်မှာပင် လက်နှိပ်ဓာတ်မီး အလင်းရောင်များစွာတို့သည် သူနှင့်အတူ ငါးကန်ထဲမှ စည်သူဆီသို့ပါ ရောက်ရှိလာစေခဲ့တော့သည်။

"သူခိုးလေးတွေ..မပြေးနဲ့...မိပြီ"

"ဖမ်း..ဖမ်း..ဒီကောင်တွေကို သူကြီးအိမ်တစ်ခါတည်းခေါ်သွား..."

(၂)

မနက်လင်းသည်ထိ သူကြီးအိမ်မှ ထိပ်တုံးတွင် သူတို့နှစ်ယောက်သား ခြင်ကိုက်ခံပြီးနေခဲ့ရသည်။ အပြစ်လုပ်ထားသူတွေမို့ စောဒကမတက်ရဲပေ။ ထိုစဉ်မှာပင် သူကြီး၏တပည့်ဖြစ်သူ ဦးမင်းဇော်သည် သူတို့အား ထိပ်တုံးမှ ဖြုတ်ပေးပြီး အိမ်ပေါ်သို့တက်စေခဲ့တော့သည်။ အိမ်ပေါ်တွင် သူကြီးနှင့်အတူ ငါးကန်ပိုင်ရှင် ဦးဖိုးလှကိုပါ တွေ့လိုက်ရသည်။ ဆိုးမိုက်ပေတေကြပေမယ့် လူကြီးများရှေ့တွင်တော့ နှစ်ယောက်သားရိုကျိုးစွာ ထိုင်ချလိုက်ကြသည်။

"ကဲ..မင်းတို့နှစ်ကောင်..တစ်ခုခုဆို ရွာထဲမှာ မင်းတို့နှစ်ကောင်ပဲ..အသက်က ဘာမှမရှိသေးဘူး အကျင့်ပေါင်းစုံကတတ်တယ်။ အေး..အခုမင်းတို့ကို အုပ်ထိန်းတဲ့သူတွေကို အခေါ်လွှတ်တာလည်း မလာနိုင်ဘူးတဲ့ လုပ်ချင်သလိုလုပ်ကြတဲ့"

သူကြီး၏ ဒေါသစကားသံ၏ အောက်တွင် နှစ်ယောက်သားခေါင်းမဖော်နိုင်ဖြစ်ခဲ့ရသည်။ မှန်ပါသည်။ သူတို့၏ ဦးလေး၊ အဒေါ်များသည်လည်း သူတို့အားစိတ်ကုန်နေကြမှန်း သူတို့သိပါသည်။ သို့ကြောင့်လည်း သူတို့ဘဝကိုသူတို့ အဆင်ပြေအောင် ရပ်တည်နေကြခြင်းဆိုလည်း မမှားပေ။

"ကဲပြော...မင်းတို့နှစ်ကောင် ဦးဖိုးလှ ငါးကန်မှာ လာခိုးဖမ်းတာ ဘယ်နှခါရှိပြီလဲ..အမှန်ပြော.."

နှစ်ဦးသားဘာမှမပြောဘဲ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ ထို့နောက် စည်သူသည် တုန်ရီသောအသံဖြင့် ဖြေလိုက်သည်။

"အခုဟာနဲ့မှ..နှစ်..နှစ်ခါပဲရှိပါသေးတယ်"

"မင်းတို့ ငါ့ကိုမညာကြနဲ့နော်"

"မညာပါဘူး..ကျွန်တော်နဲ့ပိုင်ကြီး အတူတူခိုးဖမ်းပေမယ့် ပိုင်ကြီးက ကျွန်တော်ခေါ်လို့ လိုက်လာတာပါ... သူ့မှာအပြစ်မရှိပါဘူး"

စည်သူ၏ အဖြေစကားကြောင့် ပိုင်ကြီးသည် အံ့အားသင့်သွားသလို သူကြီးနှင့် ဦးဖိုးလှသည်လည်း ထူးဆန်းစွာဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"အေး..ဘာမှအပိုတွေပြောမနေနဲ့။ ခိုးတာကနှစ်ယောက်လုံး အလိုတူအလိုပါတွေပဲ။ အေး..မင်းတို့ အဲဒီငါးတွေဖမ်းပြီး ဘာလုပ်ကြလဲပြောစမ်း..အဲ..စည်သူမဖြေနဲ့ ပိုင်ကြီးဖြေ.."

ပိုင်ကြီးသည် အနည်းငယ်ကြောက်တတ်မှန်းသိသောကြောင့် သူကြီးသည် မေးလိုက်ခြင်းဖြစ်သည်။ ပိုင်ကြီးလည်း မဖြေရင်မဖြစ်သောကြောင့် အားတင်းပြီး ဖြေလိုက်တော့သည်။

"ငါး..ငါးတွေကို ရွာတောင်ပိုင်းက ဦးဝင်းကြည်ဆီမှာ သွားရောင်းတာပါ။ သူ..သူက.. အဲဒီငါးတွေကို မြို့ပေါ်မှာ ပြန်သွားရောင်းတာပါ.."

"ဒါဆို..သူက မင်းတို့ငါးတွေအခုလို ခိုးဖမ်းနေတာသိတယ်ပေါ့"

"မ..မသိပါဘူး..ကျွန်တော်တို့က အခုမှ သူ့ဆီတစ်ခါပဲ ရောင်းဖူးသေးတာပါ။ အခုနေ့ကတော့ မပို့ဖြစ်တော့ဘူးလေ.. ကျွန်တော်တို့က ငါးကန်မှာအလုပ်လုပ်ပြီး ရလာတာလို့ပြောပြီး ရောင်းတာပါ။ နောက်ပြီး အကုန်မရောင်းပါဘူး။ ကျွန်တော်တို့နှစ်ယောက် မီးဖုတ်ပြီးစားကြပါသေးတယ်။ ရတဲ့ပိုက်ဆံကို တစ်ဝက်စီခွဲယူတာမို့ ကျွန်တော့်မှာလည်းအပြစ်ရှိပါတယ်"

"ကဲ..ဘယ်လိုပဲဖြစ်ဖြစ်..ခိုးတယ်ဆိုတာအပြစ်ရှိတာပဲ။ နောက်ပြီး ဦးဖိုးလှက ငါတို့ရွာမှာ စီးပွားလာရှာပြီး ရွာသားတွေကို အလုပ်ရအောင်ပါကူညီပေးနေတဲ့သူ ဒီရွာသားမဟုတ်ဘူး။ အေး..မင်းတို့ကြောင့် ငါမျက်နှာပျက်ရပြီလေ... ကဲ..ဦးဖိုးလှဘယ်လိုဖြစ်စေချင်လဲ."

"ပြောရမယ်ဆိုရင်တော့ ဘာမှတော့ မဖြစ်ချင်တော့ပါဘူး သူကြီး..သူတို့ကို ကြည့်ရတာ ထိန်းသိမ်းဆုံးမပေးမယ့်သူတွေမရှိလို့အခုလို ဖြစ်နေတယ်လို့မြင်ပါတယ်။ ကလေးတွေဆိုတော့ မှားတတ်တာပဲလေ။ ကျွန်တော်လည်း အများကြီးဆုံးရှုံးသွားတာမှမဟုတ်တာ။ သူတို့မှာ အပြစ်ရှိပေမယ့် သူငယ်ချင်းအချင်းချင်း ကာကွယ်ပေးတဲ့စိတ် အပြစ်ကိုဝန်ခံရဲတဲ့စိတ် ကိုယ်စီရှိတာမို့ ပြုပြင်ပေးမယ့်သူသာရှိရင် ပြောင်းလဲသွားမှာပါ။ သူတို့ကို ဒီအတိုင်းပဲ ပြန်ခိုင်းလိုက်ပါသူကြီး.. နောက်မလုပ်ရင်တော်ပါပြီ"

ငါးကန်ပိုင်ရှင်ဦးဖိုးလှ၏ စကားကြောင့် သူတို့နှစ်ယောက်လုံး အားတက်သွားခဲ့ရသည်။ သူကြီးကလည်း ပိုင်ရှင်ကိုယ်တိုင်ကပင်ကြည်ဖြူနေတော့ ဘာမှမပြောနိုင်တော့ပေ။ မည်သို့ပင်ဆိုစေ အေးအေးချမ်းချမ်းဖြစ်သွားသည့်အတွက် အားလုံးဝမ်းသာမိကြတော့သည်။

(၃)

မမျှော်လင့်ထားသော ဖြစ်ရပ်တစ်ခုကြောင့် ပိုင်ကြီးဝမ်းသာဝမ်းနည်းဖြစ်နေရသည်။ သူ့အား ငါးကန်ပိုင်ရှင်ဦးဖိုးလှက မြို့သို့ခေါ်သွားပြီး မွေးစားမည်ဆိုသောကြောင့်ဖြစ်သည်။ အေးအေးချမ်းချမ်းနေရပြီး အပူအပင်မရှိဘဲ ပညာလည်းသင်ခွင့်ရမည်ဆိုသဖြင့် ကလေးပီပီ အပျော်ကြီးပျော်နေမိသည်။

သို့သော်လည်း ဆိုးတူကောင်းဖက်သူငယ်ချင်း စည်သူနှင့်ခွဲရတော့မည်ဆိုသော အသိစိတ်ကြောင့် ရင်ထဲဝမ်းနည်းမိတာတော့ အမှန်ပင်ဖြစ်သည်။ ထိုစဉ်မှာပင် သူထိုင်နေသည့် အပင်အောက်အနားသို့ စည်သူရောက်လာတော့သည်။

"ပိုင်ကြီး..မင်းမနက်ဖြန်လိုက်သွားဖို့ အဆင်သင့်ဖြစ်ပြီလား..ငါဝမ်းသာလိုက်တာကွာ"

စည်သူ၏အသံသည် ယခင်ကဲ့သို့ တက်ကြွခြင်းမရှိကြောင်း သူသတိထားမိပါသည်။

"ငါ..လိုက်သာသွားရမှာ..အမှန်အတိုင်းပြောရင်..မင်းနဲ့ခွဲရမှာတော့ ငါဝမ်းနည်းမိတယ်။ ပြောရမယ်ဆိုရင် မင်းကငါ့ရဲ့ တစ်ဦးတည်းသောမိသားစုလေ"

"ဘာပဲဖြစ်ဖြစ် ပိုင်ကြီးရာ..ငါကတော့ ဝမ်းသာတယ်။ မင်းမြို့ရောက်သွားရင် အစစအရာရာ အဆင်ပြေသွားမှာလေ။ နောက်ပြီး မင်းပျက်စီးနေရတာ ငါ့ကြောင့်လည်းပါတယ်.."

"မဟုတ်တာကွာ..ငါလည်းအလိုတူအလိုပါပဲလေ။ ငါကိုယ်တိုင်က စိတ်အားသန်လို့ ဖြစ်ခဲ့တာပါကွာ။ ငါမရှိတော့ရင် မင်းအခုလိုမျိုးအလုပ်တွေ လိုက်လုပ်နေဦးမှာလားဟင်"

"မလုပ်တော့ပါဘူးကွာ..ငါနောက်နေ့ကစပြီး ရွာထဲမှာသူရိန်တို့အဖွဲ့နဲ့ လယ်ထဲဆင်းပြီး နေ့စားလိုက်လုပ်တော့မှာ။ ဒါပေမဲ့ မင်းမြို့ရောက်သွားရင် ငါ့ကို မမေ့ရဘူးနော်"

စည်သူ၏ စကားကြောင့် ပိုင်ကြီး ရင်ထဲဆို့နင့်သွားခဲ့ရသည်။ စည်သူသည်လည်း မျက်ဝန်းအိမ်မှရစ်ဝဲတက်လာသော မျက်ရည်စများကို မသိမသာမျက်တောင်ခတ်လိုက်ရင်း မျက်နှာလွှဲလိုက်သည်။

"မမေ့ပါဘူးစည်သူရ.. အမြဲတမ်းအလိုတူအလိုပါလုပ်ခဲ့တဲ့ ငါ့ရဲ့အကောင်းဆုံး သူငယ်ချင်းကို မေ့စရာလားကွာ။ ငါအခုလို ဦးဖိုးလှရဲ့မွေးစားခံရတာ မင်းကြောင့်လည်းပါပါတယ်.."

"ဘာဖြစ်လို့လဲ ပိုင်ကြီးရ"

"ဟုတ်တယ်လေ..ဦးဖိုးလှရဲ့ ငါးကန်မှာ ငါးခိုးဖမ်းဖို့ မင်းပဲစီစဉ်ခဲ့တာလေ။ မင်းအခုလိုလုပ်ခဲ့လို့ တစ်ဆင့်ပြီးတစ်ဆင့် ပြဿနာတွေကနေ အခုလိုမျိုးငါ့ကို နေရာကောင်းရောက်တဲ့အထိ ဖြစ်ခဲ့ရတာလေ မဟုတ်ဘူးလား"

"အဲဒီလိုတော့မဟုတ်ဘူးလေ..မင်းမှာ ကံတရားကပါလာပြီးသားပဲလေ။ မင်းရဲ့ ကံတရားကြောင့်ပါကွာ။ ငါသွားတော့မယ် ပိုင်ကြီး..အိမ်မှာရေခပ်ပေးလိုက်ဦးမယ်ကွာ။ မင်းလည်းအစစအရာရာဂရုစိုက်နော်"

နှုတ်ဆက်စကားပြောပြီး ကျောခိုင်းသွားသော စည်သူကိုကြည့်ရင်း သက်ပြင်းချလိုက်မိသည်။ မည်သို့ပဲဖြစ်ဖြစ် သူတို့နှစ်ဦးလုံးကို အသိတရားရစေအောင် ဖန်တီးပေးသည့် ကံကြမ္မာကိုတော့ ကျေးဇူးတင်မိတာအမှန်ပင်ဖြစ်သည်။

(၄)

ရွာပြင်ရှိလယ်ကွင်းနံဘေးမှ ကုက္ကိုပင်အောက်တွင်ထိုင်ရင်း စည်သူငိုနေမိသည်။ လူမှန်းသိတတ်စ အရွယ်ကတည်းက အမြဲမခွဲအတူရှိခဲ့သော ဆိုးတူကောင်းဖက် သူငယ်ချင်းနဲ့ အပြီးတိုင်ခွဲရမည်ဆိုသော အသိက သူ့အတွက်ပင်ပန်းလွန်းလှသည်။ ထို့ကြောင့်ပင် စက်လှေဆိပ်သို့ သွားရောက်မနှုတ်ဆက်ဘဲ ရွာပြင်တွင်ထိုင်ပြီး ငိုကြွေးနေခဲ့ခြင်းဖြစ်သည်။ ပိုင်ကြီးလည်း သူ့ကိုမျှော်နေမည်မှန်း သူသိပါသည်။ နှုတ်ဆက်လျှင် ပို၍ ဝမ်းနည်းကြမည်ဖြစ်သည့်အတွက် ယခုလိုရှောင်တိမ်းနေခဲ့ခြင်းသာ ဖြစ်ပါသည်။

ထိုစဉ်မှာပင် သူ၏ပခုံးထက်သို့ ရောက်လာသော လက်တစ်စုံကြောင့် မျက်ရည်စတွေကိုသုတ်ရင်း မော့ကြည့်လိုက်သည်။

"ဟင်..ပိုင်..ပိုင်ကြီး..မင်း..မင်း.. ဘယ်လိုလုပ်.."

"ဟုတ်တယ်စည်သူ.. အမြဲတမ်း အလိုတူအလိုပါလုပ်ခဲ့ပြီးမှ အခုလို ကောင်းစားတဲ့အခါ ငါတစ်ယောက်တည်း မပိုင်ဆိုင်ချင်လို့ပြန်လာတာ။ နောက်ပြီး မင်းငါ့ကိုဘာလို့ညာထားရတာလဲကွာ.."

"ငါဘာညာလို့လဲ..ပိုင်ကြီး"

"ဦးဖိုးလှက မင်းကိုမွေးစားဖို့အရင်ပြောခဲ့တာလေ..မင်းကမလိုက်ချင်ဘူး။ ငါ့ကိုသာခေါ်ပြီး ကောင်းကောင်းမွန်မွန်ထားပေးပါ စောင့်ရှောက်ပေးပါဆိုပြီး မင်းငြင်းခဲ့တာလေ"

ပိုင်ကြီး၏ စကားကြောင့် စည်သူခေါင်းငိုက်စိုက်ကျသွားရင်း ပြန်ဖြေလိုက်သည်။

"ငါ့ကြောင့် ပျက်စီးခဲ့ရတဲ့မင်းကို ငါ့ကြောင့်ပဲ ပြန်ကောင်းစားချင်လို့ပါ။ ငါကဖြစ်သလိုနေနိုင်ပါတယ်ကွာ"

"စည်သူရာ..ငါအခုမင်းနဲ့ဘယ်တော့မှမခွဲရအောင်လို့ပြန်လာတာပါကွာ.."

"ဒါ..ဒါဆို..မင်းမလိုက်သွားတော့ဘူးလား..ပိုင်ကြီး..လိုက်သွားလိုက်ပါကွာ..နော်"

"ငါလိုက်သွားမှာပါစည်သူ.. ဒါပေမဲ့ မင်းကိုပါတစ်ခါတည်းလာခေါ်တာ"

ပိုင်ကြီး၏စကားကြောင့် စည်သူ အံ့အားသင့်သွားခဲ့ရသည်။ ထို့ကြောင့်ပင် သိလိုသောအကြောင်းအရာကို မေးလိုက်တော့သည်။

"ဘယ်လို.. ငါနားမလည်တော့ဘူး ပိုင်ကြီး"

"ဟုတ်တယ်စည်သူ..ဦးဖိုးလှက ငါတို့ သူငယ်ချင်းနှစ်ယောက်ရဲ့ သံယောဇဉ်ကို သိပြီး နှစ်ယောက်လုံးကိုခေါ်ပြီး မွေးစားမှာတဲ့။ ပြီးရင်မြို့မှာလည်း ငါတို့ကို ကျောင်းထားပေးမှာတဲ့"

"ဟင် မင်းတကယ်ပြောတာလား ပိုင်ကြီး"

"တကယ်ပေါ့ကွ..ဘာလဲ..မင်းမလိုက်ဘူးလား..စက်လှေဆိပ်မှာစောင့်နေကြပြီ"

"မင်းနဲ့ငါက အမြဲတမ်း အလိုတူအလိုပါတွေပဲလေ..မင်းသာပါရင်တော့ ငါလိုက်မှာပေါ့ကွ.."

စည်သူ၏ ပြောစကားကြောင့် အားရပါးရပြုံးလိုက်မိသည်။ စည်သူ၏ မျက်ဝန်းမှဝမ်းသာနေသောအရိပ်အယောင်များကိုလည်း ရှင်းလင်းစွာမြင်တွေ့နေရသည်။ ထို့ကြောင့်ပင် သူငယ်ချင်း၏ လက်ကိုဆုပ်ကိုင်ပြီး ပြောင်းလဲသွားမည့် ဘဝသစ်တစ်ခု၌ ရိုးသားမှုတွေနှင့် ရှင်သန်ရန် စက်လှေဆိပ်ဆီသို့ တက်ကြွသော ခြေလှမ်းများဖြင့် လှမ်းလျှောက်လိုက်ကြတော့သည်။ ။

■

ဆောင်းပါး

# လူတိုင်း စာဖတ်ကြစေချင်

ခိုင်မြတ်လင်း(ယွန်းရွှေမြေ)

ခန္ဓာကိုယ် အာဟာရပြည့်ဝရန်နှင့် ခွန်အားတိုးစေရန် အစာစားကြရသကဲ့သို့ စိတ်အာဟာရပြည့်ဝရန်နှင့် စိတ်ခွန်အားတိုးစေရန်အတွက်လည်း စာဖတ်ကြရန် လိုပါမည်။ စာဖတ်ကြပါမှ စာပေမှရသည့် အသိပညာ ဗဟုသုတများကြောင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်မြင့်မားလာနိုင်ရုံသာမက ရုပ်ပိုင်းဆိုင်ရာလည်း တိုးတက်မြင့်မားလာစေနိုင်ပါမည်။ ထို့ကြောင့်လည်း စာဖတ်ခြင်းသည်ကား ဦးနှောက်ကျန်းမာရေးကို ကောင်းစေ၏။ စိတ်ဖိစီးမှုလျော့နည်းစေ၏။ ဗဟုသုတ တိုးပြီးလျှင် မှတ်ဉာဏ်ကောင်းစေ၏။ ဆင်ခြင်ချင့်ချိန် တတ်ပြီးလျှင် အာရုံစူးစိုက်မှုကောင်းစေ၏။ ဘဝကို အေးချမ်းဖြောင့်ဖြူးအောင် စွမ်းဆောင်ပေးနိုင်၏။ အထီးကျန်ခြင်းကင်းပြီးလျှင် ဘဝအတွေ့အကြုံများကိုလည်း များစွာရရှိစေနိုင်၏။ အသိဉာဏ်တရားပွားများပြီးလျှင် သူတစ်ပါးအပေါ် ကိုယ်ချင်းစာတတ်လာ၏။ ၎င်းအပြင် ဘဝအောင်မြင်မှုကိုပါရစေ၏ဟု စာပေပညာရှင်များက ဆိုထားသည်ကို မှတ်သားဖူးပါသည်။

### နေ့စဉ်လုပ်သည့်အလုပ်တစ်ခု

စာဖတ်ခြင်းသည်ကား အောင်မြင်ကျော်ကြားသူတို့ နေ့စဉ်လုပ်သည့်အလုပ်တစ်ခုလည်း ဖြစ်ပါသည်။ အောင်မြင်လိုသည့်သူအတွက် အောင်မြင်လိုသူတစ်ယောက်၏ စိတ်နေသဘောထား၊ အခက်အခဲအတားအဆီးများကို ကျော်ဖြတ်နည်း၊ အချိန်ကိုတန်ဖိုးထားတတ်ရန်၊ အချိန်စီမံခန့်ခွဲမှု၊ ခိုင်မာသည့်ရည်မှန်းချက်များထားရှိနိုင်မည့်စာအုပ်၊ စိတ်ခွန်အားကျဆင်းနေသည့် လူတစ်ယောက်အတွက် စိတ်ခွန်အားဖြည့်ဆည်းပေးနိုင်မည့် (ဥပမာ-ဆရာတော် ဦးဇောတိက၏ "စိတ်ချမ်းသာဖို့ လိုရင်းပါ") စာအုပ်၊ အတွေးအမြင် ကောင်းလိုသည့်သူအတွက် အတွေးကောင်းအမြင်ကောင်းများ ရရှိစေနိုင်မည့်(ဥပမာ-လယ်တွင်းသားစောချစ်၏ "စကားပုံမှပေးသော အတွေးအမြင်များ") စာအုပ်၊ ကြီးပွားချမ်းသာလိုသည့် လူအတွက် ငွေကြေးစီမံခန့်ခွဲနည်း၊ အမြတ်ရအောင် ပြုလုပ်နည်း၊ ငွေကြေးစုဆောင်းနည်းစာအုပ် အစရှိသည့် စာအုပ်များက စာဖတ်သည့်လူတိုင်းကို အများကြီးအထောက်ကူပြု နည်းလမ်းကောင်းများပေးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း စာဖတ်သည့်နိုင်ငံများဖြစ်သော အင်္ဂလန်၊ အီရန်၊ ရိုမေးနီးယား၊ ဂျပန် အစရှိသောနိုင်ငံများ တိုးတက်ဖွံ့ဖြိုးလာနေကြခြင်း ဖြစ်ပါသည်။

အင်္ဂလန်နိုင်ငံ၌ဆိုပါလျှင် ရပ်ကွက်တစ်ခုဖော်တိုင်း မဖြစ်မနေပါရသည့်အရာသည်ကား "စာကြည့်တိုက်"ဟု ဆိုပါသည်။ ရပ်ကွက်စာကြည့်တိုက်ဆိုသော်ငြားလည်း ကမ္ဘာ့ဂန္ထဝင်စာအုပ်အားလုံးရှိနေသည်ဟု ဆိုပါသည်။ အီရန်နိုင်ငံ၌ဆိုပါလျှင်လည်း အသက် ၁၆ နှစ်အောက် လူငယ်တစ်ယောက် ခိုးမှုဖြစ်စေ၊ လုယက်မှုဖြစ်စေ တစ်စုံတစ်ခု အမှားကျူးလွန်မိသည့်အခါ ပြစ်မှုမှာ အလွန်မကြီးကျယ်ဆိုခြေက စာဖတ်ခိုင်းသည့် ပြစ်ဒဏ်ပေးလေ့ရှိသည်ဟု ဆိုပါသည်။ အစိုးရကပေးသည့် စာအုပ်များကို ပြီးအောင် ဖတ်စေပြီးလျှင် သူ၏အတွေးအမြင်များ၊ ထင်မြင်ယူဆချက်များအား တစ်ဖန်ပြန်၍ တင်ပြရသည်ဟု ဆိုပါသည်။ ထိုသို့ပင်လျှင် ရိုမေးနီးယားနိုင်ငံ၌လည်း ဘတ်စ်ကားစီးရင်းဖြင့် စာဖတ်သည့်သူတိုင်း ကားခမပေးရဟုဆိုပါသည်။ နောက်တစ်ဖန် သူတောင်းစားကအစ စာအုပ်လက်နှင့်မကွာသည့် ဂျူးလူမျိုးများဆိုလျှင်လည်း လူတစ်ယောက်စီ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် စာအုပ် ၆၀ ကျော်ထိ ဖတ်သည်လို့ဆိုပါသည်။ ဂျူးငယ်များမွေးနေ့မှာပင် သူ့မိဘနှင့်ဆွေမျိုးအသိုင်းဝိုင်း မိတ်ဆွေသူငယ်ချင်းများကအစ မွေးနေ့လက်ဆောင်ကို စာအုပ်တစ်အုပ်စီ မဖြစ်မနေ ပေးကြရသည်ဟုဆိုပါသည်။ ထိုသို့လက်ဆောင်ပေးသည့်သူက သူဖတ်ဖူးသည့်စာအုပ်များထဲမှ အကောင်းဆုံးစာအုပ်၊ တစ်နည်းအားဖြင့် မွေးနေ့ရှင်နှင့် အလိုက်ဖက်ဆုံးဖြစ်မည့် စာအုပ်ကိုရွေး၍ ပေးကြရသည်လည်းဖြစ်သည်ဟု သိရပါသည်။

### စာဖတ်ရင်းဖြင့် အချိန်ကုန်ခံလေ့ရှိ

ထို့ကြောင့် ဂျူးငယ်တစ်ယောက် မွေးနေ့ရောက်လာပြီဆိုလျှင် ၎င်းလူ့အသိုင်းအဝိုင်း မည်မျှလောက်ထိကြီးကျယ်သလဲဆိုသည်ကို စာအုပ်ပုံအားကြည့်၍ သိနိုင်ပါမည်။ ဂျပန်လူမျိုးများဆိုလျှင်လည်း ကားစောင့်နေရင်းဖြစ်ဖြစ်၊ ဘတ်စ်ကားစီးရင်းပင်ဖြစ်ဖြစ် လူငယ်များကအစ စာဖတ်ရင်းဖြင့် အချိန်ကုန်ခံလေ့ရှိကြသည်ဟု ဆိုပါသည်။ ဂျပန်နိုင်ငံသည်ကား ကမ္ဘာမှာ စာအုပ်ရောင်းအား အကောင်းဆုံးနှင့် စာဖတ်အား အကောင်းဆုံးနိုင်ငံလို့လည်း လေ့လာမှတ်သားရပါသည်။ ထို့ကြောင့် စာဖတ်အားကောင်းသည့် ထိုနိုင်ငံများ ဖွံ့ဖြိုးတိုးတက်လာနေကြသည်မှာ အဆန်းမဟုတ်တော့ပါ။ အတုယူသင့်ပါသည်။

တစ်နေ့ လူမှုကွန်ရက် အွန်လိုင်းစာမျက်နှာထက်၌ မြင်လိုက်ရသည့် အရာတစ်ခုအားလည်း ဗဟုသုတအဖြစ် တစ်ဖန်ပြန်လည်၍ ဝေမျှချင်ပါသည်။ မည်သည့်နိုင်ငံ ဆိုသည်ကိုတော့ မမှတ်မိတော့ပါ။ အလီဂျာ(Elijah) ဆိုသည့် အသက်(၈)နှစ်အရွယ် ကလေးငယ်တစ်ယောက်သည် သူ့အရပ် လေးပေခြောက်လက်မနှင့် အမြင့်ညီသည့် စာအုပ်များကို တစ်နှစ်အတွင်း အပြီးဖတ်ရန် Challenge လုပ်သည်ဟုဆိုသည်။ အကြမ်းအားဖြင့် လေးရက်လျှင် တစ်အုပ်နှုန်းဖြင့် ၂၀၁၉ ခုနှစ် စက်တင်ဘာလမှစ၍ ဖတ်သည်မှာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၇ ရက်နေ့သို့ ရောက်သည့်အခါ သူ့အရပ်ဖြင့်အညီ လေးပေခြောက်လက်မအမြင့်ရှိသည့်စာအုပ် စုစုပေါင်း ၈၄ အုပ်အား တစ်နှစ်အတွင်း ဖတ်ပြီးခဲ့ပါသည်။ နောက်ထပ်လည်း သူ့အစီအစဉ်အရ အသက်ဆယ်နှစ်မပြည့်မီ အမြင့်ဆုံးရောက်နိုင်သမျှရောက်အောင် ဖတ်ရန် စီစဉ်နေသေးသည်ဟုလည်း ဆိုထားပါသည်။ (လူငယ်သော်လည်း အတုယူလေးစားစရာပါ)

စာရေးသူတို့ ကလေးအရွယ်အချိန်ကဆိုပါလျှင် စာအုပ်တစ်အုပ်၊ ဂျာနယ်တစ်စောင် ဖတ်ရမည့်အရေး ရှာကိုပတ်၊ မြို့အနှံ့သွားရှာလျှင်ပင် ဖတ်ချင်သည့် စာအုပ် ဖတ်ချင်သည့်ဂျာနယ်မရနိုင်ခဲ့ပါ။ ယခုအခါ ရေကန်အသင့် ကြာအသင့်ဆိုသကဲ့သို့ ရခိုင်ပြည်မှ စာရေးဆရာအချို့ စုစည်းဖွဲ့စည်းထားသည့် "ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း"ကလည်း စာကြည့်တိုက်များ အခွန့်ရှည်ဖို့ရန် စာအုပ်များလှူ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေကြသည်ကို မြင်တွေ့နေရသည်။ တချို့ မြို့ရွာများ၌ဆိုလျှင်လည်း စာပေဝါသနာရှင်လူငယ်များကပင် ဦးဆောင်၍ ရွှေ့လျားစာကြည့်တိုက်များ ဖွင့်လာနေကြသည်။ ဝမ်းသာစရာ မဟုတ်ပါလား။ သတင်းစာ ဂျာနယ်မဂ္ဂဇင်းများဆိုလျှင်လည်း အဆက်အသွယ်လုပ်ပြီး မှာဖတ်၍ ရနေပါပြီ။ လူမှုကွန်ရက် အွန်လိုင်းစာမျက်နှာထက်၌လည်း ရှာဖတ်၍ရနေပါပြီ။ ထို့ကြောင့် မိမိဖတ်ချင်သည့် စာအုပ်၊ မိမိဖတ်ချင်သည့် သတင်းစာဂျာနယ်များသည်ပင်လျှင် မိမိရှေ့၌အသင့်ရှိနေသကဲ့သို့ ဖတ်ချင်သည့်အချိန်ဖတ်၍ မှတ်ချင်သည့်အချိန်လည်း မှတ်နိုင်နေကြပါပြီ။ သို့သော်လည်း တချို့က စာဖတ်မည့်အစား ဂိမ်းကစားရင်း နပန်းလုံး၊ ဟေးလားဝါးလား အချိန်ဖြုန်းပစ်သည်လောက် တန်ဖိုးမထား ဂရုမစိုက်ကြသည်က ဝမ်းနည်းစရာပါ။

### ခေါင်းတစ်လုံးမြင့်စေ

စာဖတ်သည့်သူနှင့် စာမဖတ်သူ အလွန်ကွာခြားပါသည်။ ပြောရလျှင် စာပေဗဟုသုတ ရှိသူသည်ကား စာပေဗဟုသုတ မရှိသူထက် အမြဲတမ်း ခေါင်းတစ်လုံးမြင့်စေပါသည်။ ပွင့်လင်းစွာပြောရလျှင် စာရေးသူတို့နိုင်ငံသည်ကား စာဖတ်အားနည်း၍ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေရခြင်းဖြစ်သည်ဟု မှတ်ချက်ပြုလိုပါသည်။ ယခုခေတ်သည် ခေတ်နှင့်တစ်ပြေးညီ စနစ်ကလည်း အပြောင်းလဲမြန်နေပါသည်။ ခေတ်၏စနစ်ပြောင်းလဲလာနေသည်က ပြဿနာမဟုတ်ပါ။ ပြောင်းလဲလာနေသည့် ခေတ်အား လက်လှမ်းမီသမျှ မျက်ခြည်မပြတ် မီအောင်လိုက်နိုင်ရန် အဓိကပါ။ ထိုသို့မီအောင်လိုက်နိုင်ရန်မှာကား စာဖတ်ထားရန်လိုသည်မဟုတ်ပါလား။ စာဖတ်သည့်သူမှာ စာမဖတ်သူထက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဗဟုသုတ အသိအမြင် ခြေတစ်လှမ်းလျင်စေပါသည်။ စာဖတ်ခြင်းက မသွားဖူးသည့်ခရီးကို အရောက်ပို့ပေးနိုင်သကဲ့သို့ မကြားဖူး၊ မမြင်ဖူးသည့် အရာများကိုလည်း ကြားဖူး၊ မြင်ဖူးစေပါသည်။ စာရေးသူကိုယ်တိုင်လည်း ယခုသို့ သိသမျှ ဗဟုသုတများကို စာဖတ်သူများသို့ တစ်ဆင့် ပြန်ပြီးမျှဝေပေးနိုင်သည်မှာ စာဖတ်ထား၍ပင်ဖြစ်သည်။ ထို့ကြောင့် "ကမ္ဘာကိုပတ်စရာမလို စာဖတ်ထားရုံဖြင့် သိနိုင်၏"ဟု စာပေအသိုင်းဝိုင်းများက ပြောစကားလည်း မှတ်သားရပါသည်။

နိဂုံးချုပ်၍ ပြောရလျှင် လူမျိုးတစ်မျိုး၏ အခြေအနေ အဆင့်အတန်း အနိမ့်အမြင့်အား သိချင်က ထိုလူမျိုးများ လေ့လာလိုက်စားသည့် စာပေ၊ အနုပညာ၊ ဂီတများကို ကြည့်မှသိနိုင်မည်ဟု စာပေပညာရှင်တချို့ မှတ်တမ်းပြုခဲ့ကြသည်ကိုကြည့်ပါကလည်း စာအုပ်စာပေသည် လူ့တန်ဖိုး၊ လူ့အဆင့်အတန်းအား ဖော်ပြနေကြောင်း သိသာပေါ်လွင်စေပါသည်။ လူတို့၏ဘဝအောင်မြင်ရေးနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် စာဖတ်ခြင်းအလေ့အထ၊ စာပေထွန်းကားမှုနှင့် တိုက်ရိုက်အချိုးကျပါသည်။ စာဖတ်မှု၊ စာပေထွန်းကားမှ ကမ္ဘာတွင် ယဉ်ကျေးသိမ်မွေ့ပြီး အသိအမြင် ဗဟုသုတပြည့်စုံသည့် လူမျိုး၊ ယဉ်ကျေးသိမ်မွေ့ပြီး အသိအမြင် ဗဟုသုတပြည့်စုံသည့် လူ့ပတ်ဝန်းကျင်၊ ယဉ်ကျေးသိမ်မွေ့ပြီး ဗဟုသုတပြည့်စုံသည့်နိုင်ငံ၏ လူ့သယံဇာတရင်းမြစ်များဖြစ်သည့် ပညာရှင်များပေါ်ထွက်လာမည်ဖြစ်ပေသည်။

ထိုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်သည့်လူမျိုး၊ ဖွံ့ဖြိုးတိုးတက်သည့် လူ့ပတ်ဝန်းကျင်၊ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်လာပါမည်။ ထို့ကြောင့် ဘဝ၏အောင်မြင်မှု၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကိုလိုချင်ပါက လူတိုင်းစာဖတ်ကြရမည်ဖြစ်သည်။ စာဖတ်ခြင်းပါသည့်ဘဝကို မက်မောခုံမင်ကြရမည်ဖြစ်သည်။ စာဖတ်ခြင်းဖြင့် မိမိဘဝ မိသားစုဘဝ ပတ်ဝန်းကျင် ပြည်ရွာဒေသ နိုင်ငံပါဖွံ့ဖြိုးစည်ပင်တိုးအောင် ကြိုးစားဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပါသည်။ ။

**လူမျိုးတစ်မျိုး၏ အခြေအနေ အဆင့်အတန်း အနိမ့်အမြင့်အား သိချင်က ထိုလူမျိုးများ လေ့လာလိုက်စားသည့် စာပေ၊ အနုပညာ၊ ဂီတများကို ကြည့်မှသိနိုင်မည်ဟု စာပေပညာရှင်တချို့မှတ်တမ်းပြုခဲ့ကြသည်ကို ကြည့်ပါကလည်း စာအုပ်စာပေသည် လူ့တန်ဖိုး၊ လူ့အဆင့်အတန်းအား ဖော်ပြနေကြောင်း သိသာပေါ်လွင်စေပါသည်။ လူတို့၏ ဘဝအောင်မြင်ရေးနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် စာဖတ်ခြင်းအလေ့အထ၊ စာပေထွန်းကားမှုနှင့် တိုက်ရိုက်အချိုးကျ**

## ဘဝတန်ဖိုး

ကြုံဆုံရာ သည်ဘဝမှာလ
ပြုသမျှ ကောင်းအောင်နေ။
မကောင်းမှုရှောင် စိတ်ကောင်းမွေး
အတွေးလှစေ။
အများအကျိုး ရှေးရှုပေ
ဆောင်ရွက်လေ မြတ်စိတ်ထား။
မေတ္တာတွေ အစဉ်လွှမ်းလို့
အေးချမ်းစေသား။
စေတနာ စိတ်အလှနဲ့
ကူညီကြ နိမ့်ပါးရာ။
ပေးကမ်းလှူ ဝေကာမျှ
ဖေးမကြပါ။
အကျင့်သီလ စင်ကြယ်စွာ
နှလုံးသွင်းကာ မြတ်တရား။
ဖြစ်ပျက်ကို သတိပြုလို့
ကောင်းမှုတွေပွား။
ကိုယ်ချင်းစာ နှလုံးသားနဲ့
အပြုံးများက လှပါစေ။
လောကကို အကျိုးပြုဖို့
ပေါင်းစုလို့နေ။
လုပ်ဆောင်ကြ နိုင်ရာတွေ
တာဝန်ကျေ နေထိုင်သွား။
အကျိုးမှန်ဝေ
အဖိုးတန်စေ သည်ဘဝမှာလ
ပြုကြတို့များ။ ။

မြင့်မိုရ်လင်း(ချောင်းဆုံ)

## ဟေမန်ဆောင်းအလှ

ခွာညို ခဝဲ ပန်းသဇင်
ဆောင်းအလှကိုဆင်။
ပင်ယံထက်တွင် ဖြူဖြူဖွေး
ရနံ့ကြူကြူမွှေး။
မြောက်လေသွေးတော့ ကကြိုးသီ
ယိမ်းနွဲ့ ဟန်ကိုချီ။
နှင်းရည်ပက်ဖျန်း အသွင်ဆန်း
တော်ဝင်သဇင်ပန်း။
အေးချမ်းလှတဲ့ ဟေမန်ခါ
ခဝဲ ပွင့်ချိန်မှာ။
မြခွာညိုက ရနံ့သင်း
လှပသည်မြင်ကွင်း။
ခြံအတွင်းက မာလာငုံ
ဖူးပွင့် သွေးရောင်စုံ။
စံပယ်ရုံက ဖွေးလွလွ
ရှုလို့ ဘယ်မဝ
ဟေမန်ဆောင်းအလှ ။ ။

မိုးခန့်ကျော်(မြစ်သား)

## ပခုက္ကူမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ ပုံမှန်လည်ပတ်မှုအခြေအနေ ကွင်းဆင်းစစ်ဆေး



**ပခုက္ကူ ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်သည် ပခုက္ကူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးကျော်သူနှင့် အဖွဲ့ဝင်များနှင့်အတူ ပခုက္ကူမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်မှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

**ကွင်းဆင်းကြည့်ရှု**

တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် ပခုက္ကူမြို့နယ် ပန်းတိုင်းခြုံကျေးရွာရှိ တရုတ်နိုင်ငံ Hong Kong အထည်ချုပ်စက်ရုံ၏ ရုံးခွဲတစ်ခုဖြစ်သည့် Myanmar Efforts ကုမ္ပဏီအထည်ချုပ်စက်ရုံသို့ သွားရောက်ကာ အထည်ချုပ်စက်ရုံလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်မှုအခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ စက်ရုံလုပ်ငန်းရှင်နှင့် တွေ့ဆုံပြီး စက်ရုံဝန်ထမ်းများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် လုံခြုံရေးအခြေအနေများ မေးမြန်းကာ လိုအပ်သည်များ ပေါင်းစပ်ကူညီဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် ပခုက္ကူစက်မှုဇုန်အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေးခြင်း၊ 7 Color သွပ်အမိုးပြားနှင့် ဆက်စပ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံရှိ လုပ်ငန်းပုံမှန်လည်ပတ်မှုအခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ အမှတ်(၅)အထည်ချုပ်စက်ရုံ(ပခုက္ကူ)ရှိ စက်ရုံလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်မှု အခြေအနေများ လှည့်လည်ကြည့်ရှုပြီး စက်ရုံဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ပခုက္ကူမြို့နယ် ကိုးပင်ကျေးရွာရှိ အမှတ်(၄) စက်မှုသင်တန်းကျောင်းသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံခြင်းများ ကွင်းဆင်းဆောင်ရွက်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပခုက္ကူမြို့နယ် ချောက်ကန်ကျေးရွာ အုပ်စုတွင် ရေနံချက်စက်ရုံအသစ်တည်ဆောက်ထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော် ဒီဇင်ဘာ ၁၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ထိုးနှံပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၇၅၀၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိမြို့နယ်လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၀၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၅၀၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ဒေသခံပြည်သူ ၃၇၃၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၉၉၁၅ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၃၀၀၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ဒေသခံပြည်သူ ၂၀၀၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၈၄၂၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၆၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိမြို့နယ် သုံးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၆၆၀၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့၌ ကျောင်းသားကျောင်းသူ ၃၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၃၇၇ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**



## (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများ ကျင်းပ



**တနင်္သာရီ**

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူများ ကျောင်းနေပျော်၍ ကိုယ်ကာယကျန်းမာကြံ့ခိုင် သန်စွမ်းစေရေးရည်ရွယ်လျက် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ပညာရေးဌာနတို့၏ လမ်းညွှန်မှုအရ တနင်္သာရီမြို့နယ် အထက-တနင်္သာရီ ကျောင်းဝင်းအတွင်း ကျောင်းတွင်းကျောင်းကောင်စီအသင်း ငါးသင်းတို့မှ အသင်းလိုက် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ဒီဇင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ပျော်ရွှင်စွာကျင်းပသည်။

မူလတန်းအောက်အဆင့် ကျောင်းသား ကျောင်းသူများအား ပူဖောင်းနင်းပြိုင်ပွဲ၊ ကွမ်းသီးကောက်၊ ဂုန်နီအိတ်စွပ်၊ စာအုပ်ရွက်၊ ဘဲခြေသွားပြိုင်ပွဲနှင့် မီတာ ၅၀ အပြေးပြိုင်ပွဲ၊ မူလတန်းအထက်အဆင့်၌ ထုပ်ဆီးတိုးပြိုင်ပွဲနှင့် ဂုန်နီအိတ်စွပ်(ကျား+မ)ပြိုင်ပွဲများကို လည်းကောင်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ဂုန်နီအိတ်စွပ် (ကျား)၊ ထုပ်ဆီးတိုး(မ)၊ လွန်ဆွဲ(ကျား+မ) အသင်းလိုက်ပြိုင်ပွဲများကို လည်းကောင်း၊ အထက်တန်းအဆင့်တွင် လွန်ဆွဲ (ကျား+မ) အသင်းလိုက်ပြိုင်ပွဲများကို လည်းကောင်း ပျော်ရွှင်စွာ ကျင်းပပေးပြီး ဆုရရှိသူများကို (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ထိုက်တန်စွာ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ကျောင်းအုပ်ဆရာကြီး ဦးအေးနိုင်ထံမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

---

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်(အကြို) မူလတန်းအဆင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် အဝေရာလမ်းရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။

မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

---

**ချောင်းသာ**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့၌ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်(အကြို) အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီက အထက(ချောင်းသာ)၌ ကျင်းပသည်။

ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များ ကျန်းမာပျော်ရွှင်ပြီး အစုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ အသိဉာဏ်ဖွံ့ဖြိုးပြီး ထူးချွန်ထက်မြက်သည့်လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အားကစားပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများက လွန်ဆွဲပြိုင်ပွဲအား အတန်းအလိုက် အသင်းငါးသင်းဖွဲ့ပြီး ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲအား အထက(ချောင်းသာ)မှ တာဝန်ခံ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ပျော်ရွှင်စွာကျင်းပကြကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

---

## (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စာစီစာကုံး၊ ကဗျာ၊ ပိုစတာနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

လွတ်လပ်ရေး၏အနှစ်သာရ၊ အရသာ၊ လွတ်လပ်ခြင်း၏ အဓိပ္ပာယ်နှင့် လွတ်လပ်ရေးဆိုင်ရာဗဟုသုတများကို သိရှိနားလည်စေရန် ဉာဏ်ပညာစွမ်းရည်၊ နှုတ်စွမ်းရည်များရှိစေရန်ရည်ရွယ်၍ ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စာစီစာကုံး၊ ကဗျာ၊ ပိုစတာနှင့်ပန်းချီပြိုင်ပွဲကို ကျင်းပသည်။

**လှည့်လည်ကြည့်ရှု**

အဆိုပါပြိုင်ပွဲကို မြို့နယ်ပညာရေးမှူး ဒေါက်တာမြင့်မြင့်စန်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဆန်းထွန်း၊ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ ကြီးကြပ်သူ ဆရာ ဆရာမများက လှည့်လည်ကြည့်ရှုကြသည်။

ပြိုင်ပွဲကို မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် လွတ်လပ်ရေးကို တန်ဖိုးထားကာကွယ်ထိန်းသိမ်းဖို့ ခေါင်းစဉ်ဖြင့် ၂၃ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် လွတ်လပ်ရေးနေ့ တို့မမေ့ ခေါင်းစဉ်ဖြင့် ၁၉ ဦး၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် လွတ်လပ်ရေးနေ့ တေးကဗျာခေါင်းစဉ်ဖြင့် ခုနစ်ဦး၊ အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ခုနစ်ဦး၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ၂၉ ဦး စုစုပေါင်း ၈၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းများနှင့်အညီ ကျင်းပခဲ့ကြောင်း သိရသည်။

**စိမ်းလဲ့(ပြန်/ဆက်)**

---

## ပြည်မြို့ ကမ်းနားလမ်း၌ ခေတ္တရာညဈေးသစ် ဖွင့်လှစ်

**ပြည် ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကမ်းနားလမ်း၌ ခေတ္တရာညဈေးသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် ညနေ ၆ နာရီက အဆိုပါညဈေးမုခ်ဦး၌ ကျင်းပသည်။

ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးငွေဝင်း၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းရွှေနှင့် ပြည်မြို့စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးထင်အောင်ဦးတို့က ညဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။



ပြည်မြို့အတွင်း ယခင်က ညဈေးတစ်ခုရှိခဲ့သော်လည်း ယင်းနေရာသည် မြို့လယ်ကောင်ဖြစ်နေ၍ လမ်းပိတ်ဆို့မှုများနှင့် မြို့ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နေရာကျပ်လာကြောင်း၊ ပြည်မြို့ကမ်းနားလမ်းတွင် River View နေရာရှိနေသည့်အတွက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုအရ ယခုခေတ္တရာညဈေးအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခင်ညဈေးမှ ဈေးသည်များကို ဦးစားပေးနေရာချထားပေးကာ ယခုလက်ရှိတွင် ဈေးဆိုင်ပေါင်း ၁၀၀ ကျော်ဖြင့် ပထမပိုင်းအနေဖြင့် စတင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယပိုင်းအနေဖြင့် ဈေးဆိုင်နေရာများ ထပ်မံတိုးချဲ့ဖော်ဆောင်မည်ဖြစ်ကာ ယင်းဆောင်ရွက်ခြင်းကို ယခုနှစ်မိုးရာသီမတိုင်မီအပြီး ဆက်လက်တင်ပြ အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ကြောင်း ပြည်မြို့စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်ဦးက ပြောသည်။

**ကိုဆက်(ပြန်/ဆက်)**

---

## အင်းလေးရေပေါ်ဈေးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်မည်

**ညောင်ရွှေ ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသ ဟဲယာရွာမကျေးရွာရှိ အင်းလေးရေပေါ်ဈေးကို ဒီဇင်ဘာ ၂၁ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

အင်းလေးရေပေါ်ဈေးကို ဒေသ၏ ငါးရက်လျှင် ဈေးနေ့တစ်ရက်အဖြစ် သတ်မှတ်ရက်အတိုင်း ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း၊ အဓိကရောင်းကုန်များအဖြစ် ဒေသအစားအစာများ၊ ဟင်းသီးဟင်းရွက်အပါအဝင် ကုန်ပစ္စည်းများကို လှေပေါ်တွင်တင်၍ ရောင်းချမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့် ထုပ်ပိုးမှုစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ရေပေါ်ဈေးကို နံနက် ၇ နာရီမှ ၁၀ နာရီထိ ဖွင့်လှစ်ရောင်းချရန် စီစဉ်ထားကြောင်း ဟဲယာရွာမကျေးရွာမှ မစုဝါဝါခင်က ပြောသည်။

အင်းလေးရေပေါ်ဈေးသည် ယခင်က ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ စိတ်ဝင်စားရာနေရာတစ်ခုဖြစ်ခဲ့သော်လည်း နွေရာသီတွင် ရေလျော့နည်းမှုကြောင့် ရေပေါ်ဈေးအဖြစ် ရောင်းဝယ်မှုမပြုနိုင်ဘဲ ကုန်းမြေပေါ်သို့ ပြောင်းရွှေ့ရောင်းဝယ်ခဲ့ရကြောင်း၊ ဆယ်စုနှစ်တစ်စုကျော် ပျောက်ကွယ်ခဲ့သည့် အင်းလေးရေပေါ်ဈေးသည် ယမန်နှစ် အောက်တိုဘာလဆန်းပိုင်းမှစတင်၍ ဒေသခံရောင်းသူဝယ်သူများဖြင့် ပြန်လည်အသက်ဝင်စည်ကားလာခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ဈေးဖွင့်လှစ်ရောင်းချနိုင်ခြင်းမရှိကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာစည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးသူရိန်**



# ကမ္ဘာပေါ်ရှိ ထိုင်းတော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဓမ္မစေတီယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း









[illegible]

## ဝမ်းနည်းကြေကွဲခြင်း

**ဦးနီ (ရှေ့သို့ ဦးလေးနီ၊ ဦးစီးအရာရှိ-အငြိမ်းစား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)**

**ရန်ကုန်မြို့**

**အသက်(၉၀)**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးဝင်းညွှန့်-ဒေါ်ခင်ချိုချို (ဒုတိယညွှန်ကြားရေးမှူး-ဘဏ္ဍာရေး)၏ ချစ်လှစွာသောဖခင် ဦးနီ(ရှေ့သို့ ဦးလေးနီ၊ ဦးစီးအရာရှိ-အငြိမ်းစား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)သည် ၁၈-၁၂-၂၀၂၂ ရက် နံနက် ၃:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

## ဒေါ်မေဆုနိုင်

**အသက်(၈၀)**

ထားဝယ်မြို့၊ ဇရစ်ရပ်နေ (ဦးထူးလှ-ဒေါ်တိုး)တို့၏သမီး၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၂၀၈) ပ/ညာနေ (ဦးလှရွှေ)၏ ဇနီး၊ ဦးမျိုးဇင်-ဒေါ်တင်ဝင်းငယ်၊ (ဦးမြတ်ဇင်)တို့၏မိခင်သည် ၁၇-၁၂-၂၀၂၂ ရက် နံနက် ၂:၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးလှသိန်း (သန်လျင်မြို့)**

**အသက်(၉၀)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နေ (ဦးအပါ-ဒေါ်လှရှင်)တို့၏သား၊ ပြည်မြို့နေ ကျောင်းအုပ်ဆရာကြီး (ဦးဘိုးခက်-ဒေါ်မြ)တို့၏သားသမက်၊ သန်လျင်မြို့၊ အမှတ်(၈)၊ ကောင်စီလမ်း၊ မြို့မမြောက်ရပ်ကွက်နေ (ဒေါ်အေးမေ)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်စန်းစန်းလွင်(လယ်ပြ-ငြိမ်း၊ ထ/၁ သန်လျင်)၏ ကျေးဇူးရှင်ဖခင်ကြီး၊ (ဦးဖူဆောင်)၊ (ဦးစစ်ဆောင်-ဒေါ်စိန်ခင်)၊ (ဦးအောင်ညွှန့်- ဒေါ်မြလေး)၊ (ဦးမင်းသိမ်း-ဒေါ်လှလေး)တို့၏ညီ/မောင်၊ (ဦးတင်အေး-ဒေါ်သန်း)၊ (ဦးစန်းမြင့်)တို့၏အစ်ကိုကြီး ဦးလှသိန်းသည် ၁၆-၁၂-၂၀၂၂ရက် ညနေ ၅:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၂၂ရက် မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်၌ ကောင်းမွန်စွာ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**စည်သူဗိုလ်ကလေးတင့်အောင်**

**ဂီတစာဆို၊ ရုပ်ရှင်ပြဇာတ်ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာ၊ စာရေးဆရာ**

**အသက်(၁၀၀)**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့်ဂီတအစည်းအရုံး၏နာယက၊ မြန်မာ့ရုပ်ရှင်တစ်သက်တာဆုရှင်၊ အမျိုးသားစာပေဆုရှင် စွယ်စုံအနုပညာရှင် ဘဘဗိုလ်ကလေးတင့်အောင်သည် ၁၆-၁၂-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ထားဝယ်မြို့မှတပည့်များ**
**ဦးတင်ဝင်း၊ မောင်သန်းစိန်၊ မောင်ဇော်ထွန်းသောင်း၊ မနှင်းဝတ်ရည်၊ မခိုင်နီလင်း**

## ဒေါ်ခင်ကြွေ

**ကျောင်းဆရာမ(ငြိမ်း)၊ ဗန်းမော်မြို့နယ်အသင်းဝင်**

**အသက်(၆၉)နှစ်**

ဗန်းမော်မြို့၊ ရှမ်းဝိုင်းကွက်သစ်နေ(ဦးရှိန်း-ဒေါ်လှမေ)တို့၏ သမီးထွေး၊ အင်းစိန်မြို့နယ်နေ (ဦးခင်မောင်တင့်-ဒေါ်ရင်ကြည်)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၁၁၆)ဆရာစံလမ်း၊ ဗဟန်းမြို့နယ်နေ ဦးမောင်မောင်ဖြူတင့်(ညွှန်ကြားရေးမှူး-ငြိမ်း၊ ရှေ့နေချုပ်ရုံး)၏ ဇနီး၊ ဦးကျော်သူရ-မခင်အိအိဖြူတင့်၊ ဦးနေလင်းအောင်- ဒေါ်မြတ်သီရိမွန်တို့၏ ကျေးဇူးရှင် မိခင်ကြီး မြေးလေးယောက်တို့၏ အဖွား ဒေါ်ခင်ကြွေသည် ၁၈-၁၂-၂၀၂၂ ရက် (စနေနေ့) ညနေ ၄ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂၀-၁၂-၂၀၂၂ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေးမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်လှလှဝင်း(ခ)မော်မော်**

**စင်ကာပူ**

**အသက်(၅၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဒဂုံမန်းလမ်းနေ (ဦးထွန်းကြည်-ဒေါ်ရော်ဝှါး)တို့၏ တတိယသမီး၊ ဒေါ်စန်းစန်းလှ(ထွန်းစားသောက်ဆိုင်)၊ ဗိုလ်မှူးသန်းဇော်(ငြိမ်း)-ဒေါ်လှလှမြင့်တို့၏ ညီမ၊ ဦးဆန်းညွှန့်-ဒေါ်အေးသီတာ၊ ဦးမြင့်ထွေး-ဒေါ်ဟေမာ၊ ဦးသက်နိုင်ဝင်း-ဒေါ်မိမိထွန်းတို့၏ အစ်မ၊ ဦးထွန်းဦး(Meiden Co.,Ltd-စင်ကာပူ)၏ ဇနီး၊ မောင်ဇော်မော်ထွန်း(NTU စင်ကာပူ)၊ မောင်ဉာဏ်မော်ထွန်း(NTU စင်ကာပူ)တို့၏မိခင်၊ ဒေါက်တာအိရွှေရည်ဖူး(ခေတ္တ-တောင်ကိုရီးယား)၊ ဒေါက်တာစည်သူအောင်-မဖူးသက်ထားထွန်း၊ မအေးမြင့်မိုရ်(B.E-Civil)၊ မသက်မှူးသီရိ(YUFL-French)၊ မစုမြင့်မိုရ်(Final Part II UM-1)၊ မောင်ချမ်းမြေ့နိုင်ဝင်း(Final Part II UM-1)တို့၏ အဒေါ်၊ မောင်မင်းသွေးခန့်၏ အဘွားသည် ၁၇-၁၂-၂၀၂၂ (သောကြာနေ့) နံနက် ၆:၃၀ နာရီတွင် စင်ကာပူနိုင်ငံ NUH ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဒေါက်တာရဲမြင့်(ဒိုက်ဦး)**

**အသက်(၇၅)နှစ်**

အမှတ်(၄၃၈-ခ)၊ မြတ်သီရိလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်ဖြူဖြူရှိန်၏ ခင်ပွန်း၊ ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) ဒုဥက္ကဋ္ဌဖြစ်သူ ဒေါက်တာရဲမြင့်သည် ၁၇-၁၂-၂၀၂၂ ရက် ညနေ ၃ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် အတူကြေကွဲဝမ်းနည်းရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရုပ်ရှင်တစ်သက်တာဆုရှင် စည်သူဗိုလ်ကလေးတင့်အောင် အသက်(၁၀၀)သည် ၁၆-၁၂-၂၀၂၂ ရက်ည ၁၁ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကျုံမငေးအသင်း(ရန်ကုန်) ဂုဏ်ထူးဆောင်နာယကကြီး တစ်ဦးဖြစ်ပါ၍ ကျုံမငေးအသင်း(ရန်ကုန်)၏ ကျုံမငေး ဒေသခံပြည်သူများမှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များ**
**ကျုံမငေးအသင်း**

## ဦးညီညီစိုး

**(တရားလွှတ်တော်ရှေ့နေ)**

**အသက်(၄၀)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရိပ်သာ၊ တိုက်(၁၇)၊ အခန်း(၁)နေ [ဦးစိုးသိန်း(တရားလွှတ်တော်ရှေ့နေ)]-ဒေါ်တင်တင်အေး(အမက-၁၇၊ မရမ်းကုန်း-ငြိမ်း)တို့၏သားငယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ အေးရွာနေ ဦးအောင်တိုး-ဒေါ်ခင်ထွေးကြည်တို့၏ သားသမက်၊ ဦးမျိုးမောင်မောင်စိုး (တရားလွှတ်တော်ရှေ့နေ)-ဒေါက်တာခိုင်ခိုင်ဆု၊ ဦးရဲလွင်ဦး-ဒေါ်ယဉ်ယဉ်စိုး(အမက-၁၇၊ မရမ်းကုန်း)၊ ဦးအောင်ခင်စိုး-ဒေါ်စိမ်းစန္ဒာဖြူ(အလက-၄၊ အင်းစိန်)တို့၏ညီ/မောင်၊ ဦးဖုန်းဟေကို(PHK Photo)-ဒေါ်ပြည့်ပြည့်ပပစိုး (အထက်တန်းရှေ့နေ)တို့၏အစ်ကို၊ ဒေါ်စန်းစန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဟိန်းထက်အောင်စိုး၊ မသန္တာစိုးတို့၏ မွေးသဖခင် ကျေးဇူးရှင်သည် ၁၇-၁၂-၂၀၂၂(သောကြာနေ့) ည ၁၁:၁၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၂၂(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၂-၂၀၂၂(ကြာသပတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီထိ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရိပ်သာ၊ တိုက်(၁၇)၊ အခန်း(၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**စည်သူဒေါက်တာဗိုလ်ကလေးတင့်အောင်**

**မြန်မာနိုင်ငံစိတ်ပညာအသင်းနာယကကြီး**

**အသက်(၁၀၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ဓမ္မဒါနလမ်း၊ မေတ္တာရိပ်မွန်အိမ်ရာနေ မြန်မာနိုင်ငံစိတ်ပညာအသင်း၏ နာယကကြီး စည်သူဒေါက်တာဗိုလ်ကလေးတင့်အောင်သည် ၁၆-၁၂-၂၀၂၂ (ကြာသပတေးနေ့) ည ၁၁ နာရီတွင် ကွယ်လွန်သွားပြီဖြစ်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံစိတ်ပညာအသင်း**

## ဦးမြင့်ဦး

**Chief Operating Officer**
**YOUTH International University**

**အသက်(၅၂)နှစ်**

သန်လျင်မြို့နေ [ဒေါက်တာမြင့်သိန်း(ဒေသန္တရအရာရှိ-ငြိမ်း)]-ဒေါ်နွယ်နွယ်(အထက်တန်းသူနာပြု-ငြိမ်း)တို့၏သားကြီး၊ ဒေါ်ယဉ်ဝင်းထိုက်(လ/ထ စာကြည့်တိုက်မှူး တက္ကသိုလ်များဗဟိုစာကြည့်တိုက်)၏ အစ်ကို၊ မောင်စွမ်းထက်လင်း၊ မောင်ဟိန်းထက်ဉာဏ်တို့၏ဖခင်သည် ၁၇-၁၂-၂၀၂၂(အင်္ဂါနေ့) ညနေ ၃:၂၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၂၂ရက် မွန်းလွဲ ၁နာရီတွင် အမှတ်(၅)၊ နံ့သာကုန်း(၂)လမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့နေအိမ်မှ သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**စည်သူဗိုလ်ကလေးတင့်အောင်**

**ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) နာယကကြီး**

**အသက်(၁၀၀)**

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ နာယကကြီး စည်သူဗိုလ်ကလေးတင့်အောင်သည် ၁၆-၁၂-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)**

ဥတု ရာသီ တောကို မှီ၏



မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ ယနေ့ ဖတ်စရာ

**အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉ ဒသမ ၁ သန်းကျော်ရှိလာ**

စာမျက်နှာ » ၁၃

**တနင်္သာရီတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်၍ နေအိမ် လေးလုံးအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား လေးဦး၊ အမျိုးသမီး ငါးဦးနှင့် ကိုရင်တစ်ပါး သေဆုံး**

စာမျက်နှာ » ၁၄

**မျိုးဆက်သစ်ပျိုးခင်း**

စာမျက်နှာ » ၂၀၊ ၂၁



၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ ဒုတိယနေ့တွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။

## ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြသရောင်းချပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၈

၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ(Mini Gems Emporium)ကို ကိုဗစ်-၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ ပုလဲအတွဲပေါင်း ၂၂၀ ရောင်းချခဲ့ရကြောင်း သိရသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

## ၂၀၂၁ ခုနှစ်အတွင်း ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ တိုက်စစ်မှူး လီဝန်ဒိုစကီးရဲ့ သွင်းဂိုး ၄၃ ဂိုးအထိရှိလာ

ဘိုင်ယန်မြူးနစ်အသင်းမှ ပိုလန်တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ ဒီဇင်ဘာ ၁၈ ရက်ညပိုင်းက ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဝုလ်ဖ်ဘတ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘွန်ဒက်လီဂါပွဲစဉ်မှာ တစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ၂၀၂၁ ခုနှစ်အတွင်း သွင်းယူနိုင်ခဲ့တဲ့ သွင်းဂိုး ၄၃ ဂိုးအထိရှိလာခဲ့ပြီဖြစ်ပါတယ်။

လက်ရှိမှာ တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ တစ်နှစ်အတွင်း သွင်းဂိုး ၄၃ ဂိုးအထိ စံချိန်တင်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးကစားသမားဖြစ်လာခဲ့ပြီး လီဝန်ဒိုစကီး မတိုင်ခင်က တိုက်စစ်မှူး ဂတ်မူလာဟာ ဘိုင်ယန်မြူးနစ်အသင်းအတွက် တစ်နှစ်အတွင်း သွင်းဂိုး ၄၂ ဂိုးအထိစံချိန်တင်သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❐





သန်လျင်မြို့နယ် လဟာရက်ကျေးရွာအပြင်ဘက် လယ်တဲ၌ တရားခံများနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ။

## သန်လျင်မြို့နယ် လဟာရက်ကျေးရွာ၌ အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် တရားခံများကို လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

### ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှု လေးကြိမ်၊ ဖောက်ခွဲဖျက်ဆီးမှု နှစ်ကြိမ် ကျူးလွန်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နိုင်ငံတော်အစိုးရအနေဖြင့် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များမှ ပြည်သူလူထုအထိတ်အလန့်ဖြစ်စေရန်အတွက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများကို နေ့/ညမပြတ် ဆောင်ရွက်လျက်ရှိရာ အေးချမ်းစွာ နေထိုင်လိုသည့် တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ ဒီဇင်ဘာ ၁၇ ရက်တွင် သန်လျင်မြို့နယ် လဟာရက်ကျေးရွာ အပြင်ဘက်ရှိ လယ်တဲအတွင်း ဝင်ရောက်ရှင်းလင်းခဲ့ရာ **သန့်ဇော်အောင်(ခ)စိုးလေး(၂၉)နှစ်၊ ရဲမင်းဖြိုး(ခ)ကိုဖြိုး(၂၇)နှစ်၊**

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✻**